# အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ

International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း စာတမ်းအမှတ် (၁၈)

# အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ

International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း စာတမ်းအမှတ် (၁၈)


စာတမ်းပြုစုသူ

Elliot Bulmer

@ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA) ၂၀၁၉ ခုနှစ်မူပိုင်ဖြစ်သည်။

International IDEA အဖွဲ့မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံများ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားတို့မှ သီးခြားလွတ်လပ်မှု ရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများမှာ International IDEA အဖွဲ့၊ ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများကို ကိုယ်စားပြု သည်ဟု ယတိပြတ်မဆိုနိုင်ပါ။

ဤစာအုပ်ကို Creative Commons Attribute-NonCommercialShareAlike ၃.၀ (CC BY-NC-SA 3.0) လိုင်စင် ခွင့်ပြုချက်အရ အီလက်ထရောနစ်ဖိုင်အနေဖြင့် ရယူနိုင်ပါသည်။ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါက လွတ်လပ်စွာ ကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ ပို့လွှတ်ခြင်း၊ ရောနှောသုံးစွဲခြင်း သို့မဟုတ် လိုက်လျောညီထွေ ဖြစ်စေရန် ပြန်လည်စီစဉ်ပြုစုခြင်းများ လုပ်ဆောင်နိုင်ပါသည်။ မူရင်းရေးသားပြုစုသူအား လျော်ကန်စွာ အသိ အမှတ်ပြုရည်ညွှန်းချက်ဖော်ပြပေးပြီး အလားတူတရားဝင်လိုင်စင် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်။

ဤလိုင်စင်နှင့် စပ်လျဉ်း၍ ဆက်လက်သိရှိလိုပါက Creative Commons ဝက်ဆိုဒ်တွင် အင်တာနက်လိပ်စာ http://creativecommons.org/licenses/by-nc-sa/3.0/ တွင် သွားရောက်ကြည့်ရှုနိုင်သည်။

**အင်တာနေရှင်နယ် အိုင်ဒီယာ**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝက်ဆိုဒ် - www.idea.int

Cover design: International IDEA
မြန်မာဒီဇိုင်း - မြင့်စိုးဦး

ISBN : 978-91-7671-290-0 (print)
ISBN : 978-91-7671-291-7 (pdf)

# မာတိကာ


၁။ **နိဒါန်း** ..... ၅

အားသာချက်များနှင့် ဖြစ်လာနိုင်ချေရှိသော ဆိုးကျိုးများ ..... ၅

၂။ **မည်သည်က စဉ်းစားရမည့် ကိစ္စရပ် ဖြစ်သနည်း။** ..... ၈

ဒီမိုကရေစီစနစ်ဆန်သော ဖွဲ့စည်းပုံအခြေခံဥပဒေဝါဒတွင် အရေးပေါ်အခြေအနေ ..... ၈

သတ်မှတ်ချက်ပုံစံ

ဥပဒေပြုရေးမှ ချဉ်းကပ်ခြင်း နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ချဉ်းကပ်ခြင်း ..... ၁၁

၃။ **နိုင်ငံတော်အရေးပေါ်ကာလများကိုကြေညာခြင်း၊ ဖျက်သိမ်းခြင်းနှင့် ကာလတိုးမြှင့် သတ်မှတ်ခြင်း** ..... ၁၃

အထွေထွေထည့်သွင်းစဉ်းစားချက်များ ..... ၁၃

အုပ်ချုပ်ရေးမဏ္ဍိုင်မှ အစပျိုးဆောင်ရွက်မှု ..... ၁၅

ဥပဒေပြုရေးမဏ္ဍိုင်မှ သဘောတူခွင့်ပြုချက် ..... ၁၆

မည်သည့်အခြေအနေများတွင် အရေးပေါ်အခြေအနေများဟု ကြေညာနိုင်သနည်း။ ..... ၁၇

အရေးပေါ်အခြေအနေ ပုံစံအမျိုးမျိုး ..... ၁၉

နယ်နိမိတ်အကန့်အသတ်များ ..... ၂၁

အရေးပေါ်အခြေအနေကာလ သတ်မှတ်ခြင်းနှင့် ရပ်စဲခြင်း ..... ၂၂

နိုင်ငံတော်အရေးပေါ်ကာလ သက်တမ်းတိုးမြှင့်သတ်မှတ်ခြင်း ..... ၂၂

၄။ **အရေးပေါ်ကာလများတွင် အခွင့်အရေးများအား ကန့်သတ်ခြင်း** ..... ၂၄

အခွင့်အရေးများကို မည်ကဲ့သို့ ကန့်သတ်နိုင်သနည်း ..... ၂၄

မည်သည့်အခွင့်အရေးများကို ကန့်သတ်နိုင်သနည်း။ ..... ၂၄

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ ..... ၂၇

၅။ **အရေးပေါ်အခြေအနေတစ်ခု၏ နောက်ဆက်တွဲ သက်ရောက်မှုများ** ..... ၂၉

အုပ်ချုပ်ရေး မဏ္ဍိုင်ကသာ အာဏာ၏ဗဟိုချက်မ ဖြစ်လာခြင်း ..... ၂၉

ဗဟိုအဆင့်တွင် အာဏာစုစည်းမှု ..... ၃၀

ရွေးကောက်ပွဲများကို ရွေ့ဆိုင်းခြင်း ..... ၃၂

**၆။ မဏ္ဍိုင်သုံးရပ်အကြား အပြန်အလှန်ထိန်းကျောင်း စောင့်ကြပ်ခြင်း ..... ၃၅**

ဥပဒေပြုရေးမဏ္ဍိုင်၏ ကြီးကြပ်မှုကို ခိုင်မာအားကောင်းစေခြင်း ..... ၃၅

တရားစီရင်ရေးမဏ္ဍိုင် ..... ၃၆

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်းသည့် တားမြစ်ကန့်သတ်ချက်များ ..... ၃၇

**၇။ ရေခံမြေခံအခြေအနေများနှင့်စပ်လျဉ်းသော ထည့်သွင်းစဉ်းစားချက်များ ..... ၃၉**

လူနည်းစုအခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ သဘောထားကွဲသော လူ့အဖွဲ့ .... ၃၉

အစည်းများနှင့် ဖက်ဒရယ်ရေးရာ အပေးအယူများ

သာမန် နိုင်ငံရေးစနစ်ရှိ ဗီတိုအာဏာရှိသူ အရေအတွက် ..... ၄၀

ပါတီနိုင်ငံရေး၊ နိုင်ငံရေး ယဉ်ကျေးမှုနှင့် အင်စတီကျူးရှင်းဆိုင်ရာ ထိတွေ့..... ၄၀

သက်ရောက်မှုများ

ခြိမ်းခြောက်မှုများ ..... ၄၂

**၈။ ဥပမာများ** ..... ၄၃

**၉။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် စဉ်းစားရမည့်မေးခွန်းများ** ..... ၅၃

**၁၀။ ကိုးကားချက်များ** ..... ၅၆

ဆက်လက်ဖတ်ရှုလေ့လာရန် ..... ၅၇

**နောက်ဆက်တွဲ** ..... ၅၈

စာရေးသူ အကြောင်း ..... ၅၈

International IDEA အကြောင်း ..... ၅၈

MyConstittuion အစီအစဉ်အကြောင်း ..... ၅၈

ဤစာစဉ်နှင့် စပ်လျဉ်း၍ ..... ၅၉

# ၁။ နိဒါန်း

စစ်ပွဲများ၊ ကျူးကျော်ဝင်ရောက်မှုများ၊ လက်နက်ကိုင်ပုန်ကန်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ သဘာဝဘေး အန္တရာယ်များ၊ ကပ်ရောဂါများ၊ အခြားအရေးအခင်း ကာလများနှင့် ကပ်ဘေးများ ကြောင့် ဖြစ်ပေါ်လာသည့် လူထုအရေးပေါ်အခြေအနေများကို မည်သည့်နိုင်ငံတွင်မဆို တွေ့ကြုံ ခံစားရနိုင်သည်။ သို့သော် ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံများတွင် ဒီမိုကရေစီအရ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အင်္ဂါရပ်နှင့်အညီ အင်စတီကျူးရှင်းများအကြား အပြန်အလှန်ထိန်းကျောင်း စောင့်ကြည့်မှုတို့နှင့် ဥပဒေအရအာမခံထားသည့်အခွင့်အရေးများကြောင့် အရေးပေါ်အခြေအနေများ ၌ ဆုံးဖြတ်ချက်များ အဆောတလျင်ချမှတ်ရန် အတားအဆီးများဖြစ်စေသည့်အပြင် ထိရောက်သော ဆောင်ရွက်မှုများကို အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံများတွင် ထိုအရေးပေါ် ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရာ၌ စိန်ခေါ်မှုများ ရင်ဆိုင်ရဖွယ်ရှိသည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိ ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အာဏာပိုင်များမှ အရေးပေါ် လိုအပ်ချက်အခြေအနေများတွင် နိုင်ငံတော်၏လုံခြုံရေးကို ကာကွယ်ရန်၊ ဥပဒေနှင့် အာဏာတည်မြဲ စေရန်၊ နိုင်ငံသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကိုကာကွယ်ရန်၊ မရှိမဖြစ်အရေးပါသော ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်လည်ပတ်စေရန်၊ ကယ်ဆယ်ရေး အရင်းအမြစ်များ သိုမှီးစုစည်း ထားပြီး လိုအပ်ချက်အမြင့်မားဆုံးသော နေရာဒေသများသို့ ပို့ဆောင်ရန်နှင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်အတွက် အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်း လေ့ရှိသည်။ ထိုအရေးပေါ်အခြေအနေဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ (ပုံမှန်အားဖြင့် အားလုံးကိုမဆိုလိုပေ) ကို ကန့်သတ်ရန် သို့မဟုတ် ဆိုင်းငံ့ရန်၊ ဆုံးဖြတ်ချက်ချမှတ်ရေး အာဏာကို ဗဟိုအဆင့် အုပ်ချုပ်ရေးအဖွဲ့တွင် စုစည်းထားရှိရန်၊ အင်စတီ ကျူးရှင်းများကြားရှိ အချို့သော အပြန်အလှန်ထိန်းကျောင်း စောင့်ကြည့်မှုများကို (ခေတ္တ) ချန်လှပ် ထားရန်နှင့် ရွေးကောက်ပွဲများကိုပင် ဆိုင်းငံ့ရန်အတွက် အစိုးရအား ခွင့်ပြုပေးနိုင်သည်။

## အားသာချက်များနှင့် ဖြစ်လာနိုင်ချေရှိသော ဆိုးကျိုးများ

နိုင်ငံတော်မှ တရားဥပဒေစိုးမိုးရေးဘောင်အတွင်း အရေးပေါ်အခြေအနေအာဏာများကို ကျင့်သုံး၍ ပဋ္ဌိပဂ္ဂများကို ထိရောက်မှုရှိရှိ တုံ့ပြန်ဖြေရှင်းနိုင်စေရေးအတွက် အရေးပေါ် အခြေအနေဆိုင်ရာ

ပြဋ္ဌာန်းချက်များထားရှိရန် လိုအပ်ပေသည်။ ထိုပြဋ္ဌာန်းချက်များအား ကောင်းစွာရေးဆွဲ၍ သင့်တင့်လျောက်ပတ်စွာ ကျင့်သုံးလျှင် ဒီမိုကရေစီစနစ်အတွက် ခုခံကာကွယ်ရေးယန္တရားတစ်ခု (ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေများ၏ မူဘောင်အတွင်းမှ စိန်ခေါ်မှုများနှင့် ဆိုးရွားသောခြိမ်းခြောက်မှုများကို ဖြေရှင်းရန် လိုအပ်သောအာဏာများ ပံ့ပိုးပေးခြင်းဖြင့် ဒီမိုကရေစီပြန်လည်ရှင်သန်ကောင်းမွန်လာစေမည့် နည်းလမ်းတစ်ရပ်) အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထိုအရေးပေါ်ပြဋ္ဌာန်းချက်များ မပါဝင်ခဲ့လျှင် နိုင်ငံတော်အစိုးရသည် (က) အရေးပေါ်ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လိုအပ်သောဆောင်ရွက်ချက်များမပြုလုပ်နိုင်ဘဲ ခြေချုပ်မိခြင်း သို့မဟုတ် (ခ) အရေးပေါ်အာဏာများကို ဥပဒေဘောင်အပြင်မှ ကျင့်သုံးခြင်းတို့ကို ပြုလုပ်ဖွယ်ရှိသည်။ ထို နည်းလမ်းနှစ်ရပ်လုံးသည် ဒီမိုကရေစီအတွက် အန္တရာယ်ရှိနေနိုင်ပါသည်။

သို့သော် အစိုးရတော်တော်များများသည် အရေးပေါ်အာဏာများကို လျော်ကန်မှု မရှိစွာ ကျင့်သုံးတတ်ကြသည်။ ၎င်းတို့တွင် ဒီမိုကရေစီစနစ်၏ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်အတွက်မဟုတ်ဘဲ ဒီမိုကရေစီ တာဝန်ခံမှုလမ်းကြောင်းများကို သွေဖီရန်၊ အတိုက်အခံများအား ဒုက္ခရောက်စေရန်၊ ရွေးကောက်ပွဲများအား မသမာစွာပြုလုပ်ရန် သတင်းမီဒီယာများကို ကန့်သတ်ခြင်း၊ ဒီမိုကရေစီအမည်ခံ အခြေခံဥပဒေကို အန္တိမရည်ရွယ်ချက်ဖြင့် ချန်လှပ်ထားရှိရန်နှင့် အာဏာရှင်ခေတ်ကို အသက်သွင်းရန်ရည်ရွယ်၍ အရေးပေါ်အာဏာများကို လိုအပ်ချက်မရှိပါဘဲ ကျင့်သုံးခြင်း၊ အရေးပေါ်အခြေအနေအား သက်တမ်းကြာစေခြင်း သို့မဟုတ် ကာလရှည်ကြာစေခြင်း စသည့် နည်းလမ်းများ ပါဝင်သည်။အရေးပေါ်အာဏာများကို အသစ်ပြန်လည် ပြုလုပ်လေ့ရှိပြီး ငြိမ်းချမ်းရေးကို ထိပါးနှောက်ယှက်လေ့ရှိသည့် ကျော်ဇောသည့်သာဓကများမှာ စတြက်စနာ (Stroessner) လက်အောက်ရှိ ပါရာဂွေးနိုင်ငံနှင့် မူဘာရက် (Mubarak) လက်အောက်ရှိ အီဂျစ်နိုင်ငံတို့ဖြစ်သည်။ ထို့ကြောင့် အရေးပေါ်အခြေအနေအာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရေးဆွဲပြဋ္ဌာန်းရာတွင် အထူးဂရုစိုက်လုပ်ဆောင်ရန် လိုအပ်သည်။ စိန်ခေါ်မှုမှာ အရေးပေါ်အခြေအနေအာဏာများကို အာဏာရှင်လမ်းစဉ်ဖြင့်အလွဲသုံးစားလုပ်သည့်အခြေအနေကိုရှောင်ကြဉ်၍အမှန်တစ်ကယ်ပေါ်ပေါက်လာသော အရေးပေါ်အခြေအနေများကို ထိရောက်မှုရှိရှိ တုံ့ပြန်နိုင်မည့် နည်းလမ်းတစ်ရပ်ရှာဖွေရေးဖြစ်သည်။ အရေးပေါ်အခြေအနေအာဏာများသည်သင့်တင့်လျောက်ပတ်သောဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာမခံချက်များနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ တားဆီးကာကွယ်မှုများကိုနာခံရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

## စဉ်းစားစရာ အချက် (၁)

သမိုင်းတစ်လျှောက်တွင် လက်ရှိ သို့မဟုတ် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်ရှိ အရေးပေါ်အခြေအနေအာဏာများကို မည်သို့ကျင့်သုံးခဲ့သနည်း။ ဒီမိုကရေစီစနစ်ကို သာမန် မဟုတ်သော ခြိမ်းခြောက်မှုများမှ အကာအကွယ်ပေးရန်အတွက် လိုအပ်သည့်အခြေအနေ၌သာ ကန့်သတ်ချက်ထား ကျင့်သုံးခဲ့သလော။ သို့မဟုတ် ဖိနှိပ်ချုပ်ချယ်သည့် နည်းလမ်းများဖြင့် အရေးပေါ် အခြေအနေအာဏာများကို ကျင့်သုံးခဲ့သလော။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထိုအတွက် မည်မျှတာဝန်ယူခဲ့သနည်း။

# ၂။ မည်သည်ကစဉ်းစားရမည့်ကိစ္စရပ်ဖြစ်သနည်း။

## ဒီမိုကရေစီဆန်သော ဖွဲ့စည်းပုံအခြေခံဥပဒေဝါဒတွင် အရေးပေါ်အခြေအနေ သတ်မှတ်ချက်ပုံစံ

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့်အချိန် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကောင်းစွာချင့်ချိန်စဉ်းစားဆွေးနွေးမှုတစ်ခုပါဝင်မှုရှိစေရေးနှင့် တိကျပြတ်သား၍ ထိရောက်မှုရှိသော ဆောင်ရွက်မှု ပြုလုပ်ရေးတို့အကြားအနစိတ်သောဟန်ချက်ညီမျှတမှုတစ်ခုကိုပြုလုပ်ရမည်ဖြစ်သည်။ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံဒီဇိုင်းရေးဆွဲရာတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အများပါဝင်သော ချင့်ချိန်စဉ်းစားဆွေးနွေးမှု ရှိစေရေးနှင့် တိကျပြတ်သား၍ ထိရောက်မှုရှိသော ဆောင်ရွက်မှုပြုလုပ်ရေးတို့အကြား ဟန်ချက်ညီစေရမည်ဖြစ်သည်။ အလားတူပင် နိုင်ငံသားလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို အကာအကွယ်ပေးရေးကတစ်ဖက် ထိုအခွင့်အရေးများအား အကန့်အသတ်ဖြစ်စေနိုင်သည့် လူထုနှင့် အသက်သွေးကြောတမျှအရေးကြီးသော အမျိုးသားအကျိုးစီးပွားများ အကာအကွယ်ပေးရေး တာဝန်ကတစ်ဖက်၊ ယင်းနှစ်ဖက်ကို ဟန်ချက်ညီမျှတစေရမည်။ ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်နှင့် ထိရောက်ကျွမ်းကျင်သော အုပ်ချုပ်ရေး၊ ညီညွှတ်ရေးနှင့် အရင်းအမြစ်များမျှဝေရေး လိုအပ်ချက်တို့ကိုလည်း ဟန်ချက်ညီမျှတစေရမည်။ ထိုရည်မှန်းချက်များကို သင့်တော်သော ဟန်ချက်ညီမျှတမှု စံ သတ်မှတ်ထားခြင်းမရှိပေ။ မတူညီသည့် အခြေအနေနှင့် အချိန်အခါများတွင် ဖြစ်ပေါ်လာသည့် အဓိကဦးစားပေးအရာများနှင့်အညီ ပြောင်းလဲနိုင်သည်။ သာမန်အခြေအနေများတွင် ဒီမိုကရေစီကျသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် အများပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ချင့်ချိန်နှိုင်းဆဆွေးနွေးမှုတို့အား အသားပေးမည် ဖြစ်သော်လည်း အရေးပေါ်အခြေအနေများတွင်မူ လျှင်မြန်တိကျ ပြတ်သားသည့် အုပ်ချုပ်ရေး ဆောင်ရွက်ချက်များမှာ ပိုမိုဦးစားပေးရမည့် ကိစ္စရပ်များဖြစ်နိုင်သည်။ အလားတူပင် တည်ငြိမ်အေးချမ်းသော အခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးများ အကာအကွယ်ပေးရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အမြင့်ဆုံးတန်ဖိုးထားမှုများအဖြစ် သတ်မှတ်ထားနိုင်သော်လည်း စစ်မက်ဖြစ်ပွားချိန်များတွင် နိုင်ငံတော်ရှင်သန်တည်မြဲရေး အလို့ငှာ သယံဇာတအရင်းအမြစ်များကို စီမံခန့်ခွဲရန်အတွက် နိုင်ငံတော်၏အာဏာသည် ပထမဦးစားပေးဖြစ်နိုင်သည်။

ဤကဲ့သို့ပြောင်းလွယ်ပြင်လွယ်ဖြစ်ရေး လိုအပ်ချက်သည် အရေးပေါ်အခြေအနေအာဏာများကို အလေးပေးထောက်ခံသည့် အစဉ်အလာအဆိုတစ်ရပ်ဖြစ်ပြီး ဒီမိုကရေစီကျသော ဖွဲ့စည်းပုံအခြေခံ

ဥပဒေသည် ကပ်ဘေးတစ်ခုခုကြောင့် နိုင်ငံလဲပြိုသည့် အခြေအနေသို့ မကျရောက်စေဘဲ အရေးပေါ်အခြေအနေများအား တုံ့ပြန်ဖြေရှင်းရန် ရည်ရွယ်သည်။ ဤသို့ဆိုရာတွင် အများလေးစားရသော အမေရိကန်နိုင်ငံမှ တရားသူကြီး Richard Posner ပြောခဲ့သော "ကွေးညွှတ်၍မရသော ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ကျိုးပျက်လိမ့်မည်" (Posner 2006:1) ကို ဆိုရိုးအဖြစ် တိုက်ရိုက်ကိုးကား ရမည်ဖြစ်သည်။ ဥပမာ တိုင်းပြည်၏ဒေသတစ်ခုတွင် ဖြစ်ပွားသည့် ငလျင်တစ်ခုကြောင့် အရပ်သား ဒေသခံအာဏာပိုင်အဖွဲ့၏ တာဝန်ထမ်းရွက်နိုင်စွမ်းကို လျော့နည်းဆုတ်ယုတ်စေနိုင်သည်။ ထိုအခါမျိုးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ကန့်သတ်ထားသည့် လုပ်ပိုင်ခွင့်အာဏာကိုကျော်လွန်၍ နိုင်ငံတော်စစ်တပ်မှ လိုအပ်သောအကူအညီများ ကြားဝင်ပေးခြင်းဖြင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်။ အလားတူပင် ကူးစက်ရောဂါတစ်ခု ကပ်ဘေးအဆင့် ဖြစ်ပွားသည့် အခြေအနေတွင် လွတ်လပ်စွာသွားလာခွင့်ကို အကန့်အသတ်ဖြစ်စေမည့် (ရောဂါပျံ့ပွားမှု ထိန်းချုပ်သည့် အနေဖြင့် ကူးစက်ခံရသူများအား) ကြပ်ကြပ်မတ်မတ်ခွဲခြားထားရှိရေး စည်းမျဉ်းစည်းကမ်းများကို လိုအပ်မည်ဖြစ်သည်။ ပုံမှန်အခြေအနေ၌ ထိုသို့ပြုလုပ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံပေးထားသော အခွင့်အရေးများကို ချိုးဖောက်သည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် မျက်မှောက်ခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် မူလ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အကာအကွယ်ပေးမှုကို ယာယီသွေဖယ်ခွင့်ပြုသည့် အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်သည်။ အရေးပေါ်အခြေအနေတစ်ခု ကြေညာခြင်းသည် ပုံမှန်အားဖြင့် အဓိကအပိုင်းသုံးပိုင်း၌ ထပ်ဆောင်းလုပ်ပိုင်ခွင့် အာဏာများပေးသည်။ ထိုနယ်ပယ်သုံးရပ်မှာ (က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးအချို့ (ပုံမှန်အားဖြင့် အခွင့်အရေးအားလုံး မဟုတ်ပေ) ကို ခေတ္တယာယီကန့်သတ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း၊ (ခ) ဥပဒေပြုလွှတ်တော်၏ အာဏာကိုပယ်ပျက်စေပြီး အုပ်ချုပ်ရေးမဏ္ဍိုင်တွင်သာ အာဏာစုစည်းခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်အဖွဲ့များ၏ လုပ်ပိုင်ခွင့်အာဏာကိုလျော့ချပြီး ဗဟိုအစိုးရတွင် အာဏာစုပုံထားရှိခြင်း၊ (ဂ)အအချို့ဖြစ်ရပ်များတွင် ရွေးကောက်ပွဲကျင်းပခြင်းများကို ဆိုင်းငံ့ခြင်းတို့ဖြစ်သည်။

ဇယား (၂.၁) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းလည်ပတ်ရေး ပုံစံနှစ်ခုအကြား အိန္ဒိယနိုင်ငံ၌ မည်ကဲ့သို့ပြောင်းလဲ ကျင့်သုံးသည်ကို ဖော်ပြထားသည်။ အရေးပေါ်အခြေအနေဆိုင်ရာ ကြေညာချက်နှင့် ထိုကြေညာချက်ကို နောက်ဆက်တွဲဖျက်သိမ်းခြင်းသည် လုပ်ငန်းလည်ပတ်ရေး ပုံစံနှစ်ခုအကြားတွင် အထိန်းအကွပ်အဖြစ် တည်ရှိသည်။ သာမန်အခြေအနေ၌ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွှတ်တော်အတွင်း အကြေအလည်ဆွေးနွေးမှု၊ လူ့အခွင့်အရေးများနှင့် နိုင်ငံတော်၏ အခွင့်အာဏာကို အသားပေးသည်။ အရေးပေါ်အခြေအနေတွင် ခိုင်မာအားကောင်းသော အစိုးရ၊ ဗဟိုအစိုးရတွင်သာ အာဏာစုပုံထားရှိခြင်းနှင့် ကောင်းမွန်သာလွန်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်း စသည်တို့ကို အသားပေးမည်ဖြစ်သည်။ (Khosla ၂၀၁၂: ၂၃-၂၅; Sagar ၂၀၁၆ ကို လေ့လာပါ)။ အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း မဖြစ်ပေါ်စေရန် တားဆီးကာကွယ်ပေးမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံ

ဥပဒေအား အမြဲတစေဆိုင်းငံ့မထားဘဲ ပုံမှန်အခြေအနေနှင့် အရေးပေါ်အခြေအနေ နှစ်ရပ်လုံးတွင် သက်ရောက်မှု ဆက်လက်ရှိနေမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လုပ်ငန်းလည်ပတ်ရာတွင် အပြောင်းအလဲများရှိမည်ဖြစ်သော်လည်း နိုင်ငံသားများ၏ အခွင့်အရေးများနှင့် ပြည်သူ့အာဏာခွဲဝေမှုကို ဆက်လက်ထိန်းညှိလုပ်ဆောင်မည်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှသာ ဆက်လက်၍ အမြဲတစေကျင့်သုံး ဆောင်ရွက်ရမည်ဖြစ်သည်။ အချိန်ကန့်သတ်ချက်များနှင့် အရေးပေါ်ကာလ တိုးမြှင့်သတ်မှတ်မှု လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းညှိဆောင်ရွက်ပြီး အရေးပေါ်အခြေအနေပြီးဆုံးသွားလျှင် သို့မဟုတ် ဖျက်သိမ်းလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ၎င်း၏ မူလလုပ်ငန်းလည်ပတ်ရေးပုံစံသို့ ပြောင်းလဲမည်ဖြစ်သည်။

## ဇယား (၂.၁) အိန္ဒိယနိုင်ငံရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုံမှန်စည်းမျဉ်းစည်းကမ်းများနှင့် အရေးပေါ်အခြေအနေ စည်းမျဉ်းစည်းကမ်းများ

| သာမန်အခြေအနေ | | အရေးပေါ်အခြေအနေ စည်းမျဉ်းစည်းကမ်းများ |
|---|---|---|
| နိုင်ငံသား အခွင့်အရေးများ | တရားစီရင်ရေးအရ အာဏာတည်သော အခွင့်အရေးများ၊ ကျယ်ပြောသည့် နိုင်ငံသား အခွင့်အရေးများကို ဥပဒေပြုရေး၏ စွက်ဖက်မှုမှ အကာအကွယ်ပေးပြီး တရားစီရင်ရေး၏ ဆုံးဖြတ်ချက်အရသာ အာဏာ တည်စေသည်။ (ပုဒ်မ ၁၉) | ဥပဒေပြုရေးဖြင့် ကန့်သတ်ထားသော အခွင့်အရေးများ၊ (အရေးပေါ်မဟုတ်သည့် အခြေအနေတွင်) ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၁၉)အရ အကာအကွယ်ပေးမည့် နိုင်ငံသားအခွင့်အရေးများအား ပြည်ထောင်စုအဆင့် လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များက ကန့်သတ်မည်ဖြစ်သည်။ |
| အာဏာခွဲဝေခြင်း | ဖက်ဒရယ်စနစ် ပြည်ထောင်စုအဆင့် ပါလီမန်လွှတ်တော်နှင့် ပြည်ထောင်စု အစိုးရတို့အကြား ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အာဏာခွဲဝေခြင်း၊ ပြည်နယ်အဆင့် အစိုးရနှင့် လွှတ်တော်အကြားတွင်လည်း ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အာဏာခွဲဝေခြင်း၊ ပြည်နယ်များတွင် ပြည်နယ်ဥပဒေပြုရေးအာဏာစာရင်း နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် မူဝါဒ လွတ်လပ်ခွင့် ရှိသည်။ | တစ်ပြည်ထောင်စနစ် အာဏာခွဲဝေပိုင်းခြားခြင်းမရှိပေ။ ပြည်ထောင်စုအဆင့် လွှတ်တော်သည် အိန္ဒိယနိုင်ငံ တစ်နိုင်ငံလုံး သို့မဟုတ် မည်သည့်ဒေသအတွက်မဆို ဥပဒေပြုခွင့်ရှိသည်။ ထိုဥပဒေများသည် ပြည်နယ်များ၏ ဥပဒေပြုအာဏာဇယားတွင် ပါဝင်သော်ငြား ပြဋ္ဌာန်းနိုင်သည်။ |
| ရွေးကောက်ပွဲများ | ငါးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်သော ရွေးကောက်ပွဲ | ရွေးကောက်ပွဲကို ၁နှစ်အထိ ရွှေ့ဆိုင်းနိုင်သည်။ |

ကိုးကားချက် - ကိုက်ညီမှုရှိစေရန် Khosla၏စာတမ်းမှ ပြောင်းလဲပြင်ဆင်အသုံးပြုသည်။ (၂၀၁၂)

## ဥပဒေပြုရေးမှချဉ်းကပ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှချဉ်းကပ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များကို အမည်ပေးသတ်မှတ်ရာ၌ နည်းလမ်းအထွေထွေကို အသုံးပြုနိုင်သည်။ အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ (ဥပမာ နော်ဝေနှင့် ကနေဒါနိုင်ငံ)။ သို့မဟုတ် ပြဋ္ဌာန်းချက် သတ်သတ်မှတ်မှတ် မဟုတ်ဘဲ အခြားအကြောင်းအရာများနှင့်အတူ ဆက်စပ်ပြဋ္ဌာန်းချက်အနေဖြင့် ဖော်ပြလေ့ရှိသည်။ ဥပမာ အမေရိကန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ပုန်ကန်ထကြွခြင်း သို့မဟုတ် တိုင်းတပါးမှ ကျူးကျော်ဝင်ရောက်သည့် အခြေအနေတွင် ရှေ့တော်သွင်း စာချွန်တော် ဆိုင်းငံ့ခြင်းကို ပြည်သူ့လုံခြုံရေးအကျိုးငှာ လိုအပ်မည်"ဟု ပြဋ္ဌာန်ထားသည် (အမေရိကန် ဖွဲ့စည်းပုံအခြေခံ ဥပဒေ- ပုဒ်မ ၁ - အပိုဒ် ၉)။ ထိုနိုင်ငံများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေမှမဟုတ်ဘဲ ဥပဒေပြုလွှတ်တော်မှ အရေးပေါ်အခြေအနေဆိုင်ရာ အာဏာများကို ဆုံးဖြတ်သတ်မှတ်ပေးသည်။

- ၁၉၇၆ ခုနှစ် အမေရိကန်နိုင်ငံ နိုင်ငံတော်အရေးပေါ်အခြေအနေဆိုင်ရာ အက်ဥပဒေသည် သမ္မတ၏ အာဏာဖြင့် အရေးပေါ်အခြေအနေများကြေညာရန် စည်းမျဉ်းချမှတ်ထားသည်။ ထိုသို့အရေးပေါ်ကာလကြေညာခြင်းနှင့် ပြီးဆုံးခြင်းတို့တွင် အထက်လွှတ်တော် (Congress) အား အသိပေးရန်လိုအပ်ပြီး တစ်နှစ်ကြာပြီးနောက် အရေးပေါ်ကာလကို ဆက်လက်တိုးမြှင့်ခြင်းမပြုလျှင် ပူးတွဲဖြေရှင်းသည့်နည်းလမ်းဖြင့် အထက်လွှတ်တော် (Congress)မှ အရေးပေါ်ကာလကို ဖျက်သိမ်းနိုင်သည်။
- ကနေဒါနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးပေါ်အခြေအနေများ အက်ဥပဒေသည် သဘာဝဘေးအန္တရယ်များ၊ လူထုမငြိမ်သက်မှုများနှင့် နိုင်ငံတကာ တင်းမာမှု သို့မဟုတ် စစ်ပွဲများ စသည့် မတူညီသော အရေးပေါ်အခြေအနေ အမျိုးမျိုးတို့အတွက် ဥပဒေပြဋ္ဌာန်းရန်အခြေခံကောင်းများကို ပံ့ပိုးပေးသည်။ ထိုအက်ဥပဒေသည် ဖော်ပြပါအရေးပေါ်အခြေအနေများကို ကြေညာခြင်း၊ လွှတ်တော်၏သဘောတူ ခွင့်ပြုချက်ရယူခြင်းအဆင့်ဆင့်၊ အရေးပေါ်ကာလကြာချိန်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်သို့ အထိုက်အလျောက် အာဏာလွှဲပြောင်းနိုင်သည့် အခြေအနေများကို စည်းမျဉ်းများဖြင့် ထိန်းကျောင်းထားသည်။

အခြားသော ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်ပက်သက်သည့် ယေဘုယျ အခြေခံမူများပါဝင်သော လျှော့ရဲရဲ မူဘောင်တစ်ခုသာ ပါဝင်၍ အသေးစိတ်ကို သာမန်ပြဋ္ဌာန်းဥပဒေများအတွက် ချန်ထားလေ့ရှိသည်။ ဥပမာ နယ်သာလန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ - ၁၀၃) သည် အရေးပေါ်အခြေအနေကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ အခွင့်အရေးများအား ကန့်သတ်ခြင်း၊ အာဏာကို တစ်နေရာတည်းတွင်သာ စုစည်းထားရှိခြင်းတို့မှ ဖြစ်ပေါ်လာနိုင်သော ဥပဒေရေးရာ နောက်ဆက်တွဲ အကျိုးဆက်များကို ကြေညာခြင်းနှင့် အရေးပေါ်ကာလကြေညာရမည့် အခြေအနေများကို ဆုံးဖြတ်သတ်မှတ်ရခြင်းတို့အတွက် လွှတ်တော်အား ပြဋ္ဌာန်း

ဥပဒေများဖြင့် ခွင့်ပြုပေးထားသည်။ ထို့ပြင် အရေးပေါ်ကာလ သက်တမ်းမည်မျှထားရှိမည်ကိုလည်း လွှတ်တော် ပူးပေါင်းအစည်းဝေးအား ဆုံးဖြတ်ခွင့်ပြုထားသည်။

ဤကဲ့သို့ အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များပြုလုပ်ထိန်းကျောင်းရေးအတွက် ဥပဒေပြုလွှတ်တော်အား ကျယ်ပြောသည့် ဆုံးဖြတ်ခွင့်ပေးထားသည့် အစီအမံမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အစဉ်အလာခိုင်မာအားကောင်းပြီး ဒီမိုကရေစီ စံတန်ဖိုးများ အမြစ်တွယ်နေသည့် နိုင်ငံများ တွင် လက်ခံနိုင်ဖွယ်ရှိသော်လည်း ဥပဒေပြုရေးနှင့် တရားစီရင်ရေး အားနည်းသည့် နိုင်ငံများ၊ လူ့ အခွင့်အရေးများနှင့် ဒီမိုကရေစီ စံတန်ဖိုးများ ပျက်သုံးကွဲအက်လွယ်သည့် နိုင်ငံများတွင် ထိုနည်းလမ်း မှာ အင်မတန်မှအန္တရာယ်ကြီးသည်။ မျက်မှောက်ခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်အများစုတွင် အရေးပေါ်အခြေအနေဆိုင်ရာ အာဏာများနှင့် အရေးပေါ်အခြေအနေများ ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှ တိုက်ရိုက်ထိန်းကျောင်းရေးဆိုသည့်အချက်အား ထည့်သွင်းရသည့် ခိုင်လုံသော အကြောင်းပြချက် ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အထူးသဖြင့် ပဋ္ဌိပက္ခ အခြေအနေများတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိကျခိုင်မာမှုရှိစေရန်ရည်ရွယ်သည့်အတွက် ပဋ္ဌိပက္ခ အခြေအနေများနှင့် ပတ်သတ်၍ တိကျမှုရှိရန် လိုအပ်ပေသည်။ ထို့ပြင် အရေးပေါ်အခြေအနေ အာဏာများနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများမှာ နိုင်ငံသားတို့၏ အခွင့်အရေးများအပေါ် သက်ရောက်မှုရှိပြီး နိုင်ငံရေးစနစ်တစ်ခုလုံး၏ အာဏာဟန်ချက်ညီမှု တစ်ခုလုံးအား လွှမ်းမိုးနိုင်သည့် အတွက် သဘောအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ပေသည်။

## စဉ်းစားစရာ အချက် (၂)

အဓိက အခွင့်အရေးများကို ကာကွယ်၍ အာဏာအလွဲသုံးစားလုပ်မှုမှ ရှောင်ရှားနိုင်ရန် အရေးပေါ်အခြေအနေဆိုင်ရာဥပဒေများ ရေးဆွဲရန် ဥပဒေပြုရေးမဏ္ဍိုင်ကို ယုံကြည်အားထား သင့်ပါသလော။ သို့မဟုတ် ထိုအကာအကွယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ရေးဆွဲသင့်ပါသလော။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပေါ်အခြေအနေများဆိုင်ရာ သတ် မှတ်ချက်များကို အသေးစိတ် အဓိပ္ပါယ်ဖွင့်သည့်အတွက်ရရှိနိုင်သည့် အားသာချက်များဖြစ်သည့် (တိကျခိုင်မာမှုရှိခြင်း၊ ရှင်းလင်းမှုရှိခြင်း) တို့သည် ပေါ်ပေါက်လာနိုင်သော အားနည်းချက် များဖြစ်သည့် (ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်း) ထက် အလေးသာနိုင်ပါမည်လော။

# ၃။ နိုင်ငံတော်အရေးပေါ်ကာလများကို ကြေညာခြင်း၊ ဖျက်သိမ်းခြင်းနှင့် ကာလတိုးမြှင့်သတ်မှတ်ခြင်း

## အထွေထွေ ထည့်သွင်းစဉ်းစားချက်များ

အရေးပေါ်အခြေအနေတစ်ခု စတင်ကျင့်သုံးရာတွင် (က) အရေးပေါ်အခြေအနေ ကြေညာရန် အဆိုပြုချက် (သို့မဟုတ်) ကနဦးဆုံးဖြတ်ချက်တစ်ခုနှင့် (ခ) သဘောတူခွင့်ပြုခြင်း (သို့မဟုတ်) အတည်ပြုခြင်းတို့ ပါဝင်သည်။ ထိုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့အကြား ခွဲဝေလေ့ရှိသော်လည်း အချို့ဖြစ်ရပ်များတွင် ထိုလုပ်ငန်းစဉ်များရှိ အရေးကြီးသော အဂါရပ်အစိတ်အပိုင်းများကို တရားရေး၏ လေ့လာသုံးသပ်ချက်ဖြင့် ဆုံးဖြတ်နိုင်ချေရှိသည်။

အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လုပ်ငန်းလည်ပတ်ရေးပုံစံကို ပုံမှန်အခြေအနေမှ အရေးပေါ်အခြေအနေသို့ ပြောင်းလဲသည့် အရွှေ့အပြောင်းတစ်ခုဖြစ်သောကြောင့် ရုတ်ချည်းပေါ်ထွက်လာသည့် လိုအပ်ချက်များကို အာဏာပိုင်များမှ တုံ့ပြန်ဖြေရှင်းရန်အတွက် မြန်ဆန်သောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရန် လိုအပ်သည်။ သို့သော် တစ်ဖက်စောင်းနင်းဖိနှိပ်ချုပ်ချယ်လိုသည့် သို့မဟုတ် မတော်လောဘ ရည်ရွယ်ချက်ဖြင့် အရေးပေါ်အခြေအနေ တစ်ရပ်အား ရှည်ကြာစေခြင်း၊ အရေးပေါ်အခြေအနေမှ အမြတ်ထုတ်ခြင်း စသည်တို့မှ ကာကွယ်ရန်သင့်တင့်မျှတသော ကာကွယ်ရေးယန္တရားများ ထားရှိရန်လည်းလိုအပ်သည်။ ဤသို့ မြော်မြင်၍ အရေးပေါ်အခြေအနေများအား ကြေညာခြင်း၊ သဘောတူခွင့်ပြုခြင်း၊ ဖျက်သိမ်းခြင်း၊ ကာလသက်တမ်းတိုးမြှင့်ခြင်းတို့နှင့် သက်ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုံစံဒီဇိုင်း အမျိုးမျိုးကို ဆုံးဖြတ်ရွေးချယ်ရမည် ဖြစ်သည်။ (ပုံ ၃.၁ ကို လေ့လာပါ)။

အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ရှင်းလင်းသော ဆက်သွယ်ရေးရှိရန် အရေးကြီးသည်။ ပါဝင်သက်ဆိုင်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် ပြည်သူတို့အကြားတွင် မည်သည့်အချိန်တွင် မည်သူကကြေညာပြီး မည်သည့်အတွက်ကြောင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်မည် အစရှိသည်တို့ကို သိသာထင်ရှားစေရမည် ဖြစ်သည်။ ဥပမာအားဖြင့် လူထုအား အရေးပေါ်အခြေအနေ အသိပေးကြေညာခြင်းပြုလုပ်ရာတွင် အစိုးရအဖွဲ့၏ခေါင်းဆောင် သို့မဟုတ် နိုင်ငံ့ဦးဆောင်၏ ထုတ်ပြန်ကြေညာချက်ဖြင့်တွဲ၍ ကြေညာခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။ ထိုကြေညာချက်သည်ပင်လျှင် လိုအပ်သော ဆောင်ရွက်ချက်များ ပြုလုပ်

ရာဋ္ဌ အဟန့်အတားဖြစ်စေခြင်းမျိုးမဟုတ်ဘဲ မိမိတို့၏ဆောင်ရွက်ချက်များကို ကြေညာရန်နှင့် ခိုင်လုံသည့်အကြောင်းပြချက်ပေးရန် နိုင်ငံ့ခေါင်းဆောင်များအား ဖိအားပေးခြင်းဖြစ်သည်။ ထိုကြေညာချက်သည် အတိုက်အခံအဖွဲ့များ၊ သတင်းမီဒီယာနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအား အစိုးရနှင့် အကြေအလည် ဆွေးနွေးငြင်းခုံရန် အခွင့်အလမ်းများပေးမည်ဖြစ်သည်။

## ဇယား (၃.၁) အရေးပေါ်အခြေအနေကြေညာခြင်း လုပ်ငန်းစဉ်နှင့် ရွေးချယ်နိုင်သည့်ပုံစံများ အနှစ်ချုပ်

### အရေးပေါ်အခြေအနေကို ကြေညာခြင်း

- အုပ်ချုပ်ရေးမဏ္ဍိုင်၏ အထွဋ်မြတ်စရပ်တည်းဖြင့် ဆောင်ရွက်နိုင်သလော သို့မဟုတ် အခြားမဏ္ဍိုင်များဖြင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်သလော။
- မည်သည့်အခြေအနေများတွင် အရေးပေါ်အခြေအနေကို ကြေညာနိုင်သနည်း။
- မကြေညာမီနှင့် ကြေညာအပြီး ဥပဒေပြုရေး မဏ္ဍိုင်၏ သဘောတူခွင့်ပြုချက်ကို လိုအပ်ပါသလော။

### ဥပဒေပြုမဏ္ဍိုင်၏ သဘောတူခွင့်ပြုချက်

- သဘောတူခွင့်ပြုရန် (ကိုယ်စားလှယ်)အများစု ပမာဏမည်မျှခန့် လိုအပ်မည်နည်း။ ဥပဒေပြုလွှတ်တော်နှစ်ရပ်ကျင့်သုံးသည့် စနစ်များတွင် လွှတ်တော်နှစ်ရပ်လုံး၏ သဘောတူညီချက်ကို လိုအပ်ပါသလော။
- (ကြေညာချက်နောက်ပိုင်း သဘောတူခွင့်ပြုချက်နှင့် စပ်လျဉ်းပြီး) ကနဦးခွင့်ပြုချက်တွင် အချိန်ကာလ ကန့်သတ်ချက်များမှာ မည်သို့မည်ပုံ ရှိသနည်း။
- အခြား မည်သည့်လုပ်ထုံးလုပ်နည်းဆိုင်ရာ စောင့်ကြည့်မှုများ ရှိသနည်း။ (ဥပမာ အများပြည်သူပါဝင်မှုရှိသည့် ဆွေးနွေးငြင်းခုံပွဲများ)

### အရေးပေါ်အခြေအနေကို ဖျက်သိမ်းခြင်းနှင့် ကာလတိုးမြှင့်သတ်မှတ်ခြင်း

- အရေးပေါ်ကာလ သက်တမ်းကုန်ဆုံးချိန်ကို မည်သို့ကန့်သတ်ထားသနည်း။
- အရေးပေါ်အခြေအနေကာလတိုးမြှင့်ရာတွင် ကန့်သတ်ချက်များမှာ အဘယ်နည်း။ (အကြိမ်အရေအတွက် မည်မျှတိုးမြှင့်နိုင်သနည်း။ ဆုံးဖြတ်ရန် လူအများစု ပမာဏမည်မျှခန့် လိုအပ်မည်နည်း။ တရားစီရင်ရေးဆိုင်ရာ သုံးသပ်မှုအတွက် ပြဋ္ဌာန်းချက်ရှိပါသလား။)

## အုပ်ချုပ်ရေးမဏ္ဍိုင်မှ အစပျိုးဆောင်ရွက်မှု

အရေးပေါ်အခြေအနေတစ်ခုကို စတင်ခြင်း သို့မဟုတ် အဆိုပြုခြင်းအာဏာသည် ပုံမှန်အားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်တွင် ကိန်းအောင်းသည်။ အဘယ့်ကြောင့်ဆိုသော် အုပ်ချုပ်ရေးမဏ္ဍိုင်အထွဋ်ဋ (သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်) သည် ပြည်သူနှင့် နိုင်ငံတော်ကို ဘေးအန္တရာယ်မှ ကာကွယ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိကျသေချာသော အာဏာမရှိသော်ငြား အုပ်ချုပ်ရေးအာဏာသဘောသဘာဝအရ ထမ်းရွက်ရမည့် အကြွင်းမဲ့တာဝန်ရှိသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်သည် သတင်းအချက်အလက်လက်လှမ်းမှီရရှိမှု၊ အရေးပေါ်ရန်ပုံငွေ၊ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူ့အကာအကွယ်ပေးရေးယန္တရားများအား ထိန်းချုပ်မှု စသည်တို့အပါအဝင် အရေးပေါ်အခြေအနေကို တုံ့ပြန်ဖြေရှင်းရန် လိုအပ်သည့်အရင်းအမြစ်များ ရှိသည်။

အုပ်ချုပ်ရေးမဏ္ဍိုင်မှ အရေးပေါ်အခြေအနေတစ်ရပ်ကို အဆိုပြုရေး သို့မဟုတ် ကြေညာရေး လုပ်ငန်းစဉ် ယန္တရားမှာ အစိုးရ၏ စနစ်တစ်ခုလုံးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အတွင်းရှိ ဖွဲ့စည်းတည်ဆောက်ပုံတို့အပေါ် မျှားစွာမူတည်သည်။ ပါလီမန်စနစ် ကျင့်သုံးသောနိုင်ငံများတွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့မှာ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။

- အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၃၅၂) တွင် သမ္မတသည် ဝန်ကြီးအဖွဲ့ (Cabinet) ၏ အကြံပြုရေးသားချက်ဖြင့်သာ အရေးပေါ်အခြေအနေတစ်ရပ်ကို တရားဝင်ကြေညာရမည်ဟု ပြဋ္ဌာန်းထားသည်။
- ဖီဂျီနိုင်ငံတွင် ဝန်ကြီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်၊ ရဲချုပ်တို့နှင့် ဆွေးနွေးတိုင်ပင်ပြီးမှသာ အရေးပေါ် အခြေအနေအဖြစ် ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားသည် (ပုဒ်မ ၁၅၄)။

သမ္မတအား အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲအဖြစ်တင်မြှောက်သော နိုင်ငံများတွင် အရေးပေါ်အခြေအနေနှင့် ပက်သက်သည့် ကနဦးဆောင်ရွက်ခြင်းကို သမ္မတထံအပ်နှင်းထားနိုင်သော်လည်း အခြားခေါင်းဆောင်များဖြင့် ဆွေးနွေးရန်လိုသည် ဆိုသည့်အချက်ဖြင့် ထိန်းကြောင်းထားသည်။

- ဘရာဇီးနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၉၀၊ ၉၁) တွင် (လွှတ်တော် နှစ်ရပ်ရှိ ဥက္ကဋ္ဌများ၊ လူနည်းစုနှင့် လူများစုကိုယ်စားလှယ်ခေါင်းဆောင်များနှင့် အခြားပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကြံပေးအဖွဲ့ဖြစ်သော) သမ္မတနိုင်ငံတော်ကောင်စီနှင့် အမျိုးသား ကာကွယ်ရေးကောင်စီတို့အား အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့်စပ်လျဉ်းပြီး မိမိတို့၏ ထင်မြင်ယူဆချက်များပေးရန် ခွင့်ပြုပေးသည်။
- ပြင်သစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၆) အရ သမ္မတမှသာလျှင် အရေးပေါ်အခြေအနေကို ကြေညာနိုင်သည်။ သို့သော် ဝန်ကြီးချုပ်၊ လွှတ်တော်နှစ်ရပ်ရှိ ဥက္ကဋ္ဌများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီတို့နှင့် တိုင်ပင်ဆွေးနွေးပြီးမှသာ ထိုအာဏာကျင့်သုံးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

- လစ်ဗျားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၈၆) တွင် သမ္မတသည် အရေးပေါ်အခြေအနေကို မကြေညာမီ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ (Pro-tempore) တို့နှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။

## ဥပဒေပြုရေးမဏ္ဍိုင်မှ သဘောတူခွင့်ပြုချက်

ဥပဒေပြုရေးမဏ္ဍိုင်၏ အခန်းကဏ္ဍမှာ အုပ်ချုပ်ရေးမဏ္ဍိုင်၏ ဆုံးဖြတ်ချက်များကို ဆွေးနွေးငြင်းခုံခြင်း၊ သုံးသပ်ခြင်းနှင့် သဘောတူခွင့်ပြုခြင်းတို့ဖြစ်သည်။ အချို့သာဂေါများတွင် အရေးပေါ်အခြေအနေတစ်ရပ်ကို မကျင့်သုံးမီ ဥပဒေပြုရေးမဏ္ဍိုင်မှ သဘောတူခွင့်ပြုချက် အပ်နှင်းရန်လိုအပ်သည်။ ယင်းအခြေအနေသည် "( အရေးပေါ်အခြေအနေ မကြေငြာမီ သဘောတူခွင့်ပြုချက် ) " လိုအပ်သည့် ဖြစ်ရပ်ကိုဆိုလိုသည်။ အရေးပေါ်အာဏာများအား အာဏာရှင်ဆန်ဆန်အလွဲသုံးစားပြုသည့် သမိုင်းဆိုးမှ ကျော်လွှားရန် ကြိုးပမ်းသည့် လက်တင်အမေရိကန်နိုင်ငံများတွင် ထိုအစီအမံကို ကျင့်သုံးလေ့ရှိသည်။

အခြားဖြစ်ရပ်များတွင် အရေးပေါ်အခြေအနေသည် အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဆုံးဖြတ်ချက် ချပြီးနောက်တွင် မဆိုင်းမတွ အသက်ဝင်သည့် လုပ်ထုံးလုပ်နည်းလည်းရှိသည်။ သို့သော် ဥပဒေပြုရေးမဏ္ဍိုင်မှ အတည်မပြုလျှင် အချိန်အတိုင်းအတာတစ်ခုပြီးနောက် ထိုအရေးပေါ်ကာလ ပြီးဆုံးသည်။ ယင်းအခြေအနေကို "အရေးပေါ်အခြေအနေဟု ဆုံးဖြတ်ပြီးနောက်ပိုင်း သဘောတူခွင့်ပြုချက်" ရရှိရန်လိုအပ်သည့် ဖြစ်ရပ်ဖြစ်သည်။ အရေးပေါ်အခြေအနေ ကြေညာပြီးနောက် ရရှိသည့်သဘောတူခွင့်ပြုချက်သည် အုပ်ချုပ်ရေးမဏ္ဍိုင်အား အရေးပေါ်အခြေအနေ ကြေညာစေနိုင်ပြီး ပြည်သူလူထုလုံခြုံရေးအတွက် လိုအပ်သော ကနဦးဆောင်ရွက်ချက်များကိုသာ ပြုလုပ်နိုင်သည်။ သို့သော် ဥပဒေပြုမဏ္ဍိုင်နှင့် တွေ့ဆုံခြင်း၊ ဆွေးနွေးငြင်းခုံခြင်း၊ အရေးပေါ်အခြေအနေကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း စသည့်လုပ်ငန်းစဉ်များ မပါဝင်ပေ။ ဥပဒေပြုမဏ္ဍိုင်၏ သဘောတူခွင့်ပြုချက် မရဘဲ အရေးပေါ်အခြေအနေ၏ ကနဦးကာလကို ကျော်လွန်၍ သက်တမ်းတိုးမြှင့် ဆောင်ရွက်နိုင်ခြင်းလည်း မရှိပေ။

အရေးပေါ်ကာလအဖြစ် ဆုံးဖြတ်ပြီးနောက်ပိုင်း သဘောတူခွင့်ပြုချက် ရယူရန်အတွက် အချိန်အကန့်အသတ်မှာ ဖီဂျီနိုင်ငံကဲ့သို့ ၂၄ နာရီမျှအထိ တိုတောင်းနိုင်သည်။ သို့သော် ထိုအချိန်ကာလ ထက်လည်း ပိုမိုရှည်ကြာနိုင်သည်။ ရိုမေးနီးယားနိုင်ငံတွင် (၅) ရက်၊ ဗဟားမားနှင့် ကင်ညာနိုင်ငံတွင် (၁၄)ရက်၊ တောင်အာဖရိကတွင် (၂၁)ရက်နှင့် စပိန်နိုင်ငံတွင် ရက် (၃၀) သတ်မှတ်ထားရှိသည်။ အချို့သော နိုင်ငံများတွင် ဥပဒေပြုရေးမဏ္ဍိုင်၏ သဘောတူခွင့်ပြုချက်ရယူသည့် ကာလကို ထိုထက်ရှည်ကြာ၍ သတ်မှတ်သည် (ဥပမာ- ဘင်္ဂလားဒေ့ရှ်တွင် ရက်ပေါင်း ၁၂၀)။ သို့သော်ငြားလည်း ထိုသို့ကာလရှည်ကြာထားရှိခြင်းသည် လွှတ်တော်၏ ကြီးကြပ်နိုင်မှုနှင့် ထိရောက်မှုကို လျော့ကျစေ၍ အရေးပေါ် အခြေအနေအာဏာများကို အလွဲသုံးစားလုပ်သည့် အန္တရာယ်ပိုမိုမြင့်မားသည့်အတွက် ဒီမိုကရေစီစနစ်ကို ထိခိုက်ပျက်ပြားစေနိုင်သည်။

အရေးပေါ်အခြေအနေကြေညာသည့် အချိန်သည် လွှတ်တော်အစည်းအဝေး မကျင်းပသည့် ကာလဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးရန်နှင့် ပြင်ဆင်ရန် အချိန်ပေးသည့် အနေဖြင့် အရေးပေါ်အခြေအနေ ကနဦးကာလကို အချိန်ထပ်ဆောင်းတိုးမြှင့်ကြသည်။ ဥပမာ နမ်မီးဘီးယားနိုင်ငံ၌ အရေးပေါ်အခြေအနေ ဆုံးဖြတ်ပြီးနောက် သဘောတူခွင့် ပြုချက်ရယူရန်ကာလမှာ လွှတ်တော်အစည်းအဝေးရှိသည့် အချိန်တွင် ၇ ရက်ဖြစ်ပြီး အစည်းအဝေးမရှိလျှင် ၂၁ ရက်အဖြစ် တိုးမြှင့် သတ်မှတ်ထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဥပဒေပြုရေးမဏ္ဍိုင်၏ သဘောတူခွင့်ပြုချက် သို့မဟုတ် အရေးပေါ်အခြေအနေအား အတည်ပြုရန်အတွက် မတူကွဲပြားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စံသတ်မှတ်ချက်များ ပြဋ္ဌာန်းနိုင်သည်။ သာမန် အများဆန္ဒ (ကန့်ကွက်မဲထက် လက်ခံမဲအရေအတွက် ပိုများလျှင်)၊ အကြွင်းမဲ့ အများဆန္ဒ (လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၅၁ ရာခိုင်နှုန်း) နှင့် သာလွန်အများဆန္ဒ (ပုံမှန်အားဖြင့် ဆုံးဖြတ်မဲအရေအတွက် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း၏ ငါးပုံသုံးပုံ၊ သုံးပုံနှစ်ပုံ၊ လေးပုံသုံးပုံ) တို့အနက်မှ နည်းတစ်ခုကို ကျင့်သုံးကြသည်။ ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းများနှင့် ပါတီစနစ်အပေါ်တွင် များစွာအမှီသဟဲပြုသော်လည်း အရေးပေါ်အခြေအနေကို သဘောတူခွင့်ပြုရန် သို့မဟုတ် အတည်ပြုရန်အတွက် ပိုမိုမြင့်မားသော စံသတ်မှတ်ရာ၌ ကျယ်ပြောသည့် အများသဘောဆန္ဒတစ်ရပ်လိုအပ်ပေသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် နှောင့်နှေးကြန့်ကြာမှုနှင့် အဟန့်အတားဖြစ်စေမှုရှိသော်လည်း အတိုက်အခံအုပ်စုများ၏ အာဏာကို မြင့်မားစေနိုင်ပြီး ဖိနှိပ်သည့်သဘော သို့မဟုတ် တစ်ဖက်စောင်းနင်း ရည်ရွယ်ချက်များဖြင့် အရေးပေါ်အာဏာများ အလွဲသုံးစားပြုလုပ်မည့် အခြေအနေမှ ကာကွယ်ပေးနိုင်သည်။ အရေးပေါ်အခြေအနေသဘောတူခွင့်ပြုရန် သာလွန်အများဆန္ဒကျင့်သုံးသော နိုင်ငံများတွင် ခရိုအေးရှား၊ ဂွါတီမာလာ၊ မာရီးတီးရပ်စ်၊ နိုက်ဂျေးရီးယားနှင့် အခြားနိုင်ငံများ ပါဝင်သည်။

ဥပဒေပြုလွှတ်တော်နှစ်ရပ်စနစ် ကျင့်သုံးသည့် နိုင်ငံများတွင် အရေးပေါ်အခြေအနေသဘောတူခွင့်ပြုရန် လွှတ်တော်နှစ်ရပ်၏ သဘောဆန္ဒလိုအပ်မှုသည် အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကို တစ်ဖက်သတ်အလွဲသုံးစားလုပ်မှုမှ ကာကွယ်ပေးသည်။ သို့သော် ထိုသို့လွှတ်တော်နှစ်ရပ်ပေါင်း ထိန်းကျောင်းစောင့်ကြည့်မှု၏ ထိရောက်မှုမှာ လွှတ်တော်နှစ်ရပ်၏ ပါဝင်ဖွဲ့စည်းပုံနှင့် ထိုလွှတ်တော်နှစ်ရပ်အား နိုင်ငံရေးပါတီတစ်ခုတည်းမှ ထိန်းချုပ်ထားခြင်း ရှိ မရှိ ဆိုသည့် အချက်ပေါ်မူတည်သည်။ (International IDEA ၂၀၁၇)

## မည်သည့်အခြေအနေများတွင် အရေးပေါ်အခြေအနေဟု ကြေညာနိုင်သနည်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပေါ်အခြေအနေ ကြေညာနိုင်သည့် အနေအထားများကို အသေးစိတ် သတ်မှတ်ပြဋ္ဌာန်းခြင်းသည် အရေးပေါ်အခြေအနေအာဏာများကို မလျော်ကန်စွာ အသုံးပြုခြင်း မရှိစေရေးအတွက် အထောက်အပံ့ဖြစ်စေသည်။ ထိုပြဋ္ဌာန်းချက်များသည် အရေးပေါ်

အခြေအနေကြေညာမည့်ပုဂ္ဂိုလ် လုပ်ဆောင်ရမည့်တာဝန်များဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လူထုလိုလားချက်များကို ပုံဖော်နိုင်သည်။ အချို့ဖြစ်ရပ်များတွင် ထိုပြဋ္ဌာန်းချက်များသည် လျော်ကန်မှုမရှိသော အရေးပေါ်အခြေအနေကြေညာချက်ကို တရားစီရင်ရေးမှ သုံးသပ်နိုင်သည့် အာဏာကို ထည့်သွင်းထားသည့်အတွက် အာဏာအလွဲသုံးစားလုပ်မှုမှ ကာကွယ်ပေးသည့် ထပ်ဆောင်း ထိန်းကျောင်းစောင့်ကြည့်ခြင်း နည်းလမ်းတစ်ရပ် အဖြစ်တည်ရှိသည်။

အရေးပေါ်အခြေအနေ ကြေညာရာတွင် တွေ့မြင်ရလေ့ရှိသော အကြောင်းရင်းများ၌ စစ်ပွဲများ၊ ပြည်ပ ကျူးကျော်မှုများ၊ ပြည်တွင်းမငြိမ်မသက်မှု၊ ဆူပူအုံကြွမှု၊ သဘာဝဘေးအန္တရယ်များ၊ သို့မဟုတ် အမျိုးသားလွတ်လပ်ရေး သို့မဟုတ် ပြည်သူ့ရေးရာအင်စတီကျူးရှင်းများ၏ လုပ်ငန်းဆောင်တာများ အပေါ် ခြိမ်းခြောက်မှုများ စသည်တို့ ပါဝင်သည်။

- ဘယ်လိဇ်နိုင်ငံ (Belize) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၈)တွင် (က) ဘယ်လိဇ် နိုင်ငံနှင့် အခြားတိုင်းပြည်တစ်ခုအကြားရှိ စစ်ပွဲဖြစ်အုံ့ဆဲ အခြေအနေ (ခ) ငလျင်၊ မုန်တိုင်း၊ ရေကြီးမှု၊ မီးဘေး၊ ကပ်ရောဂါတစ်ခုခုဖြစ်ပွားခြင်း၊ ကူးစက်ရောဂါများ ပျံ့နှံ့ဖြစ်ပွားခြင်းနှင့်အခြားအလားတူ ဘေးဒုက္ခများဖြစ်ပွားရာမှ ပေါ်ပေါက်လာသော လူထုအရေးပေါ်အခြေအနေ သို့မဟုတ် (ဂ) လူတစ်ဦးတစ်ယောက် သို့မဟုတ် အစုအဖွဲ့တစ်ခု၏ ခြိမ်းခြောက်မှု သို့မဟုတ် ပြုမူလုပ်ဆောင်မှုတစ်ခုခုသည် လူထုလုံခြုံရေးအတွက် ကြီးစွာသောအန္တရာယ်ဖြစ်စေနိုင်လျှင် သို့မဟုတ် လူမှုအသိုင်းအဝိုင်း သို့မဟုတ် လူ့အသက်အတွက် မရှိမဖြစ် အရေးပါသော ဝန်ဆောင်မှုများနှင့် ပံ့ပိုးထောက်ပံ့မှုများ သို့မဟုတ် လူမှုအသိုင်းအဝိုင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ရပ်ကို ထိခိုက်စေလျှင် အရေးပေါ် အခြေအနေတစ်ရပ်အား ထုတ်ဖော်ကြေညာခွင့်ပြုသည်ဟု ပြဋ္ဌာန်းထားသည်။
- အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၃၅၂)သည် ပိုမိုကျဉ်းမြောင်းပြီး အိန္ဒိယနိုင်ငံ၏ လုံခြုံရေး သို့မဟုတ် နိုင်ငံပိုက်နက်အစိတ်အပိုင်းတစ်ခုခုအား စစ်ပွဲကြောင့်ဖြစ်စေ၊ ပြည်ပရန်ပြုမှု သို့မဟုတ် လက်နက်ကိုင်ပုန်ကန်မှုဖြင့် ခြိမ်းခြောက်လာမှသာ အရေးပေါ်အခြေအနေကို ကြေညာခွင့်ပြုသည်ဆိုဟု ပြဋ္ဌာန်းထားသည်။ အိန္ဒိယနိုင်ငံ၏ နည်းစနစ်သည် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်များတွင် အရေးပေါ်အခြေအနေ ကြေညာခွင့်မရှိပေ။
- အစိုးရများမှ တမင်ဖိနှိပ်အလွဲသုံးစားပြုနိုင်သည့် အခြေအနေများကို အရေးပေါ်အခြေအနေ အဖြစ် ကြေငြာခြင်းမှ ရည်ရွယ်ချက်ရှိရှိ ရှောင်ကွင်းနိုင်ရန် အစီအမံများလည်းရှိသည်။ ဥပမာ ချက်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အလုပ်သမားဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ အရေးပေါ်အခြေအနေကြေညာခြင်းအား ကန့်ကွက်ထားသည်။ (App. B ပုဒ်မ ၅)

သို့သော် အရေးပေါ်အခြေအနေများသည် လက်တွေ့တွင် မခန့်မှန်းနိုင်သည့်အတွက် အသေးစိတ် ပြဋ္ဌာန်းခြင်း၏ ဆိုးကျိုးလည်းရှိနိုင်သည် (ပုံ ၃.၁ ရှိ လစ်ဗျားနိုင်ငံ၏ သာဓကကို ဖတ်ရှုလေ့လာပါ)။ ဥပဒေပြုမဏ္ဍိုင်၏ သာလွန်မဲဆန္ဒ ခွင့်ပြုမှုကဲ့သို့သော ခိုင်မာအားကောင်းသည့် နိုင်ငံရေးကြီးကြပ်မှု

ယန္တရားများသည် အရေးပေါ်ကြေညာခွင့်ပြုသည့် အခြေအနေများကို ကျဉ်းမြောင်းစွာ ပြဋ္ဌာန်းသတ်မှတ်ခြင်းထက် အရေးပေါ်အာဏာများအလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန် ပိုမိုထိရောက်ပေမည်။

## အရေးပေါ်အခြေအနေ ပုံစံအမျိုးမျိုး

"အရေးပေါ်အခြေအနေ" ဆိုသော စကားရပ်ကို ဤစာစောင်တွင် ယေဘုယျအမည်နာမတစ်ခုအဖြစ် သုံးစွဲထားသည်။ ထိုစကားရပ်တွင် အရေးပေါ်အခြေအနေအာဏာများကို ကျင့်သုံးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှ လုပ်ပိုင်ခွင့်ပေးထားသော မည်သည့်ကာလမဆို အကျုံးဝင်သည်။ သို့သော် အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အရေးပေါ်အခြေအနေ အမျိုးအစားများကို ခွဲခြားသတ်မှတ်လေ့ရှိကြပြီး "ချင်းချက်ကာလ" "ပိတ်ဆို့ကာလ" "နိုင်ငံတော် သတိပေးနှိုးဆော်ချက်ကာလ" စသဖြင့် ရည်ညွှန်းကြသည်။ ထိုဝေါဟာရများသည် ကွဲပြားခြားနားသော အရေးပေါ်အခြေအနေပြဋ္ဌာန်းချက် အမျိုးအစားများအတွက် သုံးနှုန်းခြင်းဖြစ်ပြီး မည်သည့်အချိန် မည်သည့်ပုံစံမျိုးဖြင့်တောင်းခံရမည် စသည့် မတူညီသော စည်းမျဉ်းစည်းကမ်းများရှိသည့်အတွက် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အာဏာခွဲဝေမှုအပေါ် မတူညီသော သက်ရောက်မှုများရှိသည်။

- ဥပမာ ပေါ်တူဂီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၉)သည် "ပိတ်ဆို့ကာလ" နှင့် "အရေးပေါ်အခြေအနေ" တို့ကို ခွဲခြားသတ်မှတ်ထားသည်။ အရေးပေါ်အခြေအနေသည် သက်ရောက်မှုနည်းပါးပြီး အချို့သောဆိုင်းငံ့နိုင်သည့် အခွင့်အရေးများ၊ လွတ်လပ်မှုများနှင့် အာမခံချက်တို့ကို ဆိုင်းငံ့သည်။ အချိုးချခြင်းဆိုင်ရာ အခြေခံမူများကို လေးစားလိုက်နာ၍ ထိုနစ်ခုအနက်မှတစ်ခုကို ရွေးချယ်ရမည် ဖြစ်သည်။
- ပိုလန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သုံးမျိုးခွဲခြားသတ်မှတ်သည်။ (က) ပိုလန်ပြည်သူ့သမ္မတနိုင်ငံ၏ ပိုင်နက်ကိုထိပါးသည့် လက်နက်ကိုင်ရန်ပြုမှု၊ နိုင်ငံတော်အား ပြည်ပမှ ခြိမ်းခြောက်မှုများ သို့မဟုတ် ရန်ပြုမှုကို ဆန့်ကျင်တွန်းလှန်ရန် ကာကွယ်ရေးဆိုင်ရာ တာဝန်တစ်ရပ် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရင်းခံ၍ ပေါ်ပေါက်ခဲ့လျှင် တုံ့ပြန်ဖြေရှင်းရန် တောင်းခံနိုင်သော "စစ်အုပ်ချုပ်ရေး အမိန့်" (ပုဒ်မ ၂၂၉)၊ (ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖွဲ့စည်းပုံစနစ်၊ နိုင်ငံသားများ၏ လုံခြုံရေးနှင့် အများပြည်သူဆိုင်ရာ အမိန့်အာဏာများအပေါ် ခြိမ်းခြောက်မှုများအား တုံ့ပြန်ဆောင်ရွက်ရန် တောင်းဆိုနိုင်သော "အရေးပေါ်အခြေအနေ" တစ်ရပ် (ပုဒ်မ ၂၃၀)၊ (ဂ) သဘာဝကပ်ဘေး သို့မဟုတ် နည်းပညာဆိုင်ရာ မတော်တဆမှုများမှ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲဆိုးကျိုးများကို ဖယ်ရှားရန် သို့မဟုတ် ကာကွယ်ရန် "သဘာဝဘေးအန္တရာယ် အခြေအနေ" (ပုဒ်မ ၂၃၂) စသည် တို့ ဖြစ်သည်။

ပြင်းထန်သော စီးပွားရေးကျဆင်းယိုယွင်းမှု သို့မဟုတ် စတော့ရှယ်ယာဈေး ပျက်သုဉ်းမှုကဲ့သို့သော အခြေအနေများတွင်လည်း အခြားသောအကျပ်အတည်းများ ဖြစ်ပေါ်နိုင်သည်။ ထိုစီးပွားရေး

ဆိုင်ရာ အရေးပေါ်အခြေအနေများသည် သဘာဝဘေးအန္တရာယ်များနှင့် စစ်ပွဲများကြောင့်ဖြစ်ပေါ်သည့် သမရိုးကျအရေးပေါ်အခြေအနေများနှင့် သဘောသဘာဝခြင်း ကွဲပြားသည်။ လူသားတို့၏အသက်၊ လုံခြုံရေးနှင့် နိုင်ငံတော်၏ လုပ်ငန်းစဉ်များအတွက် အန္တရာယ်ရတ်ချည်းမဖြစ်ပေါ်ပေ။ ပုံမှန်အားဖြင့် နိုင်ငံသားအခွင့်အရေးများကို ကန့်သတ်ရန် မလိုပေ။ သို့သော်ငြားလည်း စီးပွားရေးဆိုင်ရာ အရေးပေါ်အခြေအနေများမှာ ခိုင်မာပြတ်သားသော မူဝါဒရေးရာတုံ့ပြန်မှု လိုအပ်မည်ဖြစ်သည်။ ဥပမာ ဘဏ်များမှ ငွေပြန်လည်ထုတ်ယူမှုများကို ကာကွယ်ခြင်း၊ ငွေကြေး တန်ဖိုးကို တည်ငြိမ်စေခြင်း၊ ပြည်ပမြီရှင်များကို အာမခံခြင်းစသည်တို့ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ဗဟိုအုပ်ချုပ်ရေးအဖွဲ့၏ လက်ဝယ်၌ အာဏာကို ယာယီကာလ စုစည်းထားရှိရန် လိုအပ်သည်။

- အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၃၆၀) အရ သမ္မတသည် (ဝန်ကြီးများကောင်စီ၏ အကြံပြုချက်ဖြင့်) "ဘဏ္ဍာရေးဆိုင်ရာ အရေးပေါ်အခြေအနေ" ကို ကြေညာနိုင်သည်။ ထိုသို့ခွင့်ပြုခြင်းသည် ပြည်ထောင်စုအစိုးရမှ ဘဏ္ဍာရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ပြည်နယ်အစိုးရများအား အမိန့်ပေးညွှန်ကြားရန်၊ ပြည်နယ်အဆင့်ဝန်ထမ်းများ၏ လစာဖြတ်တောက်ရန်နှင့် ပြည်နယ်ဘတ်ဂျက်များကို အတည်ပြု ပြဋ္ဌာန်းခြင်းမပြုမီ ပြန်လည်သုံးသပ်ရန် ခွင့်ပြုခြင်းဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာ အရေးပေါ်အခြေအနေသည် နှစ်လကြာ အသက်ဝင်နိုင်၍ နှစ်လနောက်ပိုင်းတွင် ကာလဆက်လက်တိုးမြှင့်သတ်မှတ်ရန်အတွက် လွှတ်တော်၏သဘောတူခွင့်ပြုချက် လိုအပ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ မတူညီသော အရေးပေါ်အခြေအနေအမျိုးအစားများ ပြဋ္ဌာန်းသတ်မှတ်ခြင်းဖြင့် မတူညီသော အခြေအနေများအတွက် လိုအပ်ချက်နှင့် အံဝင်ခွင်ကျပြီး ဟန်ချက်ညီမည့် တုံ့ပြန်ဆောင်ရွက်မှု ပြုလုပ်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ကို အာဏာပိုင်များရရှိမည် ဖြစ်သည်။ သို့သော် မတူညီသော အရေးပေါ်အခြေအနေများကို အုပ်စုခွဲ အမျိုးအစားသတ်မှတ်ရန် ကြိုးစားခြင်းသည် သဘာဝမကျဘဲ ဘောင်ကျဉ်းစေသည့် အားနည်းချက်လည်း ရှိသည်။ နိုင်ငံရေး အင်စတီကျူးရှင်းများအား တုံ့ပြန်ဖြေရှင်းရာတွင် မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်မှုကို ကျင့်သုံးခွင့်ပေးသည့် ယေဘုယျအရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်သည် ပိုမိုပြောင်းလွယ်ပြင်လွယ်သည့် တုံ့ပြန်ဆောင်ရွက်မှုကို ပံ့ပိုးပေးမည်ဖြစ်သည်။

**အချက်ပြဇယား (၃.၁) - တုံ့ပြန်ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသောပုံစံ - လစ်ဗျားနိုင်ငံ ၂၀၁၄ အီဘိုလာရောဂါ ကူးစက်ပျံ့ပွားမှု**

လစ်ဗျားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခြိမ်းခြောက်မှု သို့မဟုတ် စစ်မက်ဖြစ်ပွားသည့် အခြေအနေ သို့မဟုတ် နိုင်ငံ၏တည်ငြိမ်ရေး၊ လုံခြုံရေး သို့မဟုတ် ပြည်သူ့သမ္မတနိုင်ငံ၏ သာယာဝပြောမှုကို ထိခိုက်စေသည့် ပြည်တွင်းမငြိမ်မသက်မှု အခြေအနေများတွင် အန္တရာယ်သိသာထင်ရှားမှုပေါ်မူတည်၍ အရေးပေါ်အခြေအနေကို ကြေညာခွင့်ပြုသည် (ပုဒ်မ ၈၆)။ အိန္ဒိယတွင် သဘာဝဘေးအန္တရယ်ကို တုံ့ပြန်ဖြေရှင်းရာ၌ အရေးပေါ်အခြေအနေ ကြေညာမှုကို ဥပဒေနည်းဖြင့် ပြုလုပ်မရနိုင်ပေ။

၂၀၁၄ခုနှစ်၌ လစ်ဗျားနိုင်ငံတွင် အီဘိုလာရောဂါ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားခဲ့သည်။ ထိုကိစ္စရပ်မှာ လွတ်လပ်စွာသွားလာခွင့်နှင့် စုဝေးခွင့် အပေါ်ပိတ်ပင်တားမြစ်ခြင်းအပါအဝင် အစိုးရအဖွဲ့များ အကြား ညှိနှိုင်းတုံ့ပြန်ဖြေရှင်းရန် လိုအပ်သည့် အလေးအနက်ထားဆောင်ရွက်ရမည့် လူထုအရေးပေါ်ကိစ္စရပ်တစ်ခုဖြစ်သည်။ သို့သော်ငြားလည်း စစ်ပွဲနှင့် ပြည်တွင်းမငြိမ်မသက်မှု မဟုတ်သည့်အတွက် မူအရ အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကြေညာရန် အကြောင်းရင်းခံ မဟုတ်ပေ။ ထိုကိစ္စရပ်ကြောင့် ဥပဒေကြောင်းဖြင့် ရွေးကောက်ပွဲ ရှေ့ဆိုင်း သင့်၊ မသင့်ကို အကြေအလည်ဆွေးနွေးငြင်းခုံမှု အချို့လည်းရှိခဲ့သည်။ လစ်ဗျားကိစ္စရပ်မှ လေ့လာသင်ယူရရှိသောအရာမှာ နိုင်ငံတော်အား လိုအပ်သော ဆောင်ရွက်မှုပြုလုပ်ရာတွင် အဟန့် အတား ဖြစ်စေသည့် အခြေအနေမှ ကာကွယ်ရန်အတွက် အရေးပေါ်အခြေအနေ ကြေညာနိုင်သည့် အကြောင်းရင်းများကို စာရင်းပြု ပြဋ္ဌာန်းမှုသည် လုံလောက်စွာ ကျယ်ပြန့်သင့်သည့်ဆိုသည့် အချက်ဖြစ်သည်။

## နယ်နိမိတ် အကန့်အသတ်များ

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံ့နယ်နိမိတ်အတွင်းရှိ ဒေသတချို့ကိုသာ အရေးပေါ်အခြေအနေ ကြေညာခွင့်ပြုသည်။ ဥပမာအားဖြင့် နယ်စပ်ပဋ္ဌိပက္ခဖြစ်ပွားမှု၊ သို့မဟုတ် နိုင်ငံအတွင်း ဒေသတစ်ခုတွင် လက်နက်ကိုင်ထကြွမှု၊ သို့မဟုတ် ဒေသတစ်ခုတွင် ဘေးအန္တရာယ်ကျရောက်မှု ဖြစ်ပွားပါက အသုံးပြုနိုင်သည်။ ထိုပြဋ္ဌာန်းချက်သည် နိုင်ငံအတွင်းရှိ အခြားသောဒေသများရှိ အခွင့်အရေး၊ လွတ်လပ်ခွင့်၊ သို့မဟုတ် ဒီမိုကရက်တစ်အစိုးရအား ထိခိုက်မှုမရှိစေဘဲ၊ လိုအပ်သည့်နေရာတွင်သာ အထူးအစီအမံများချမှတ်ကာ လုပ်ဆောင်ခွင့်ပြုသည်။

## အရေးပေါ်အခြေအနေ ကာလသတ်မှတ်ခြင်းနှင့် ရပ်စဲခြင်း

အရေးပေါ်အခြေအနေ ကြေညာခြင်းသည် အရေးပေါ်လိုအပ်ချက် တစ်ရပ်ကို ယာယီတုံ့ပြန်ဆောင်ရွက်ခြင်း တစ်ခုသာဖြစ်သည်။ အရေးပေါ်အခြေအနေ တစ်ရပ်အတွင်း အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာများကို အရေးပေါ်လိုအပ်ချက်အတွက် အသုံးချနိုင်ရန်နှင့် အခြေခံဥပဒေအတိုင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် ရည်ရွယ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအများစုတွင် အရေးပေါ်အခြေအနေကြေညာရာ၌ ကာလသတ်မှတ်ချက်တစ်ခု (ယေဘုယျအားဖြင့် ၂ လ မှ ၆ လ) ပါရှိပြီး၊ သက်တမ်းကုန်ဆုံးပြီးနောက် ထပ်မံမကြေညာပါက အလိုအလျောက် ပျက်ပြယ်သည်။

ဖြစ်စဉ်အများစုတွင် အရေးပေါ်အခြေအနေအဖြစ် ဆက်လက်ထားရှိရန် မလိုအပ်တော့သည့် အတွက်ကြောင့် သက်တမ်းမကုန်မီမှာပင် အရေးပေါ်အခြေအနေ ကြေညာချက်အား ရုပ်သိမ်းကြသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၏ ဆုံးဖြတ်ပိုင်ခွင့်ဖြင့် အရေးပေါ်အခြေအနေကြေညာချက်အား ရုပ်သိမ်းသည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။ သို့သော် အချို့ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဥပဒေပြုရေးမဏ္ဍိုင်မှ ဆုံးဖြတ်ချက်တစ်ရပ် ထုတ်ပြန်ခြင်းအားဖြင့် အရေးပေါ်အခြေအနေတစ်ရပ်အား ရုပ်သိမ်းခွင့်ရှိသည်။ ဥပမာအားဖြင့် နမ်မီးဘီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(ပုဒ်မ ၂၆.၄) တွင် 'နိုင်ငံတော်အဆင့် ဥပဒေပြုရေးမဏ္ဍိုင်မှ ထုတ်ပြန်လိုက်သည့် ဆုံးဖြတ်ချက်အရ အရေးပေါ်အခြေအနေ ကြေညာချက်တစ်ရပ်အား အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်သည်' ဟု ဖော်ပြထားသည်။

## နိုင်ငံတော်အရေးပေါ်ကာလ သက်တမ်းတိုးမြှင့်သတ်မှတ်ခြင်း

အရေးပေါ်အခြေအနေတစ်ခု မည်မျှကြာရှည်မည်ကို ခန့်မှန်းရန် မလွယ်ကူသည့်အတွက်၊ သက်တမ်းကုန်ဆုံးတော့မည့် အရေးပေါ်အခြေအနေကြေညာချက်တစ်ခုအား သက်တမ်းတိုးမြှင့်ရန် လိုအပ်လာနိုင်ပါသည်။ သို့သော် အရေးပေါ်အခြေအနေတစ်ရပ်အား လိုအပ်သမျှ အချိန်ကာလအထိ လိုအပ်သလောက် သက်တမ်းတိုးရာတွင် ဆောင်ရွက်နိုင်မည့်စနစ်တစ်ခုကို ရှာဖွေရန် အခက်အခဲရှိသည်။ ရွေးချယ်ရန်နည်းတစ်ခုမှာ အရေးပေါ်ကာလ သက်တမ်းတိုးခြင်း အကြိမ်အရေအတွက်ကို ကန့်သတ် ခွင့်ပြုရန်ဖြစ်သည်။ ဥပမာ- ဥပဒေပြုရေးမဏ္ဍိုင်သည် အရေးပေါ်အခြေအနေ ကြေညာခြင်းကို ၁ ကြိမ်လျှင် ၆ လဖြင့်၊ အများဆုံး ၂၄ လအထိ ကြေညာနိုင်ခွင့် အာဏာရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းနိုင်သည်။ သို့သော် လိုက်လျောညီထွေမှုရှိသည့် ပြဋ္ဌာန်းချက်တစ်ခု မဟုတ်ပေ။ အခြေခံဥပဒေတွင် ဖော်ပြထားသော အရေးပေါ်အခြေအနေအား ကြေညာနိုင်သည့် အများဆုံးအကြိမ် အရေအတွက်သည် လုံလောက်မှုရှိသည် သို့မဟုတ် များလွန်းသည်ဟု ချက်ချင်း လက်ငင်း ပြောဆိုရန်မဖြစ်နိုင်ပါ။

အခြားတစ်နည်းမှာ အရေးပေါ်အခြေအနေတစ်ရပ်အား နောက်ဆက်တွဲ သက်တမ်းတိုးခြင်းများကို လွှတ်တော်ကိုယ်စားလှယ် အများအပြားပါဝင်သော သာလွန်အများစု၏ ထောက်ခံမှုအား ရရှိရန်

လိုအပ်သည်။ သို့မှသာ အရေးပေါ်အခြေအနေ ကြေညာချက်အား သက်တမ်းတိုးခြင်းအတွက် ပိုမို ကျယ်ပြန့်သည့် သဘောတူညီချက်တစ်ခု ရရှိစေမည်ဖြစ်သည်။ လိုအပ်လျှင် အရေးပေါ်အခြေအနေ အားရပ်စဲရန် အတိုက်အခံတို့၏အာဏာလည်း ပိုတိုးလာစေသည်။

- တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၃၇) တွင် အရေးပေါ်အခြေအနေ ကြေညာချက်အား အတည်ပြုရန်အတွက် ကိုယ်စားလှယ်အများစု၏ အကြွင်းမဲ့ထောက်ခံမှု လိုအပ်ပြီး၊ နောက်ဆက်တွဲ သက်တမ်းတိုးရာတွင်မူ ကိုယ်စားလှယ်အများစု ၅ ပုံ ၃ ပုံ၏ ထောက်ခံချက်လိုအပ်သည်။
- ကင်ညာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၅၈) တွင် အရေးပေါ်အခြေအနေအား ပထမ အကြိမ် သက်တမ်းတိုးခြင်းအတွက် ကိုယ်စားလှယ်အများစု ၃ ပုံ ၂ ပုံ ထောက်ခံရန် လိုအပ်ပြီး၊ နောက်ထပ် သက်တမ်းတိုးခြင်းများအတွက် ကိုယ်စားလှယ်အများစု ၄ ပုံ ၃ ပုံ ထောက်ခံရန် လိုအပ်သည်။
- ထရီနီဒက်နှင့် တိုဘားဂိုးနိုင်ငံ (Trinidad and Tobago) တွင် အရေးပေါ်အခြေအနေကြေညာ ချက်အား အတည်ပြုခြင်းနှင့် အများဆုံး ၆လ အထိ သက်တမ်းတိုးခြင်းကို အောက်လွှတ်တော် မှ ကိုယ်စားလှယ်အများစု သဘောတူမှုဖြင့် ခွင့်ပြုနိုင်သော်လည်း နောက်ထပ်သက်တမ်း တိုးခြင်းများအတွက်မူ လွှတ်တော် ၂ ရပ်လုံး၏ ကိုယ်စားလှယ်အများစု ၅ ပုံ ၃ ပုံက ထောက်ခံရန်လိုအပ်သည်။

# ၄။ အရေးပေါ်ကာလများတွင် အခွင့်အရေးများအားကန့်သတ်ခြင်း

## အခွင့်အရေးများကို မည်သို့ကန့်သတ်နိုင်သနည်း

အရေးပေါ်အခြေအနေ ကြေညာလိုက်သည်ဆိုသည်နှင့်တပြိုင်နက် အခြေခံဥပဒေအရ အကာအကွယ်ပေးထားသည့် အချို့သောအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဆိုင်းငံ့ထားခြင်းနှင့် တားမြစ်ထားခြင်းတို့ပါ တစ်ပါတည်း ပါဝင်လာကြသည်။ အချို့နိုင်ငံများတွင် အရေးပေါ်အခြေအနေ ကြေညာခြင်းသည် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကိုပင် ရပ်ဆိုင်းစေသည်အထိ နိုင်ငံသား အခွင့်အရေးများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။ ဥပမာ- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ (ပုဒ်မ ၂၉၃) တွင် နိုင်ငံသားများ မတရားချုပ်နှောင်ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ကို ကာကွယ်ပေးထားသည့်ရှေ့တော်သွင်းစာချွန်တော်အမိန့်အပါအဝင်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့် ထုတ်ပိုင်ခွင့်အာဏာသည် အရေးပေါ်အခြေအနေ ကာလအတွင်း အလိုအလျောက် ရပ်ဆိုင်းရမည်ဟု ဖော်ပြထားသည်။ အရေးပေါ်အခြေအနေတစ်ရပ်အတွင်း အခွင့်အရေးများကို ဆိုင်းငံ့ထားရန် သို့မဟုတ် တားမြစ်ရန်အတွက် အရေးပေါ်ဥပဒေပြုရေး လုပ်ငန်းစဉ် ဆောင်ရွက်ရန်အလို့ငှာ (က) အရေးပေါ်အခြေအနေ ကာလအတွင်း ဥပဒေပြုရေးမဏ္ဍိုင်က ထုတ်ပြန်လိုက်သည့် ဥပဒေများ၊ သို့မဟုတ် (ခ) အခြေခံဥပဒေ သို့မဟုတ် ပြဋ္ဌာန်းဥပဒေအရအာဏာပေးထားသည့် အုပ်ချုပ်ရေးဆိုင်ရာအမိန့်များကို ကျင့်သုံးဆောင်ရွက်သည်ကို ပိုမိုတွေ့ရလေ့ရှိသည်။ အချို့ကိစ္စများတွင် ဥပဒေပြုရေးမဏ္ဍိုင်သည် အထွေထွေအရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေကို ကြိုတင်ဥပဒေပြုထားပြီး၊ ပြဋ္ဌာန်းချက်များသည် သာမန်အားဖြင့် အသက်မဝင်သော်လည်း၊ အရေးပေါ်အခြေအနေ တစ်ရပ် ကြေညာပြီးသည့်နောက်တွင် စတင်အသက်ဝင်သည်။

## မည်သည့်အခွင့်အရေးများကို ကန့်သတ်နိုင်သနည်း။

အချို့ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဥပဒေပြုရေးအာဏာ အထူးမြင့်မားသည့် စနစ်တစ်ခုကို အလေးပေးသည့်အနေဖြင့် အရေးပေါ်အခြေအနေကာလအတွင်း အခွင့်အရေးများအား ကန့်သတ်ရန်နှင့် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများအားရပ်ဆိုင်းရန် ဥပဒေပြုရေးမဏ္ဍိုင်ကို ကျယ်ပြန့်သည့်အာဏာ ပေးအပ်ထားသည်။ ဥပမာ- အိုင်ယာလန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၂၈.၃.၃) တွင် 'အများပြည်သူလုံခြုံရေးနှင့် စစ်ပွဲအတွင်း သို့မဟုတ် လက်နက်ကိုင်ပုန်ကန်မှု

အတွင်းတွင် နိုင်ငံတော်အား ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရည်ရွယ်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်ပါရှိသော သေဒဏ်ချမှတ်မှုကို တားမြစ်ထားသည့် ပုဒ်မ ၁၅.၅.၂ မှလွဲ၍ လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် မည်သည့်ဥပဒေကိုဖြစ်စေ ပယ်ဖျက်နိုင်သည်။ ပယ်ဖျက်ခြင်းပြုရာတွင် စစ်ပွဲ အတွင်း သို့မဟုတ် လက်နက်ကိုင်ပုန်ကန်မှုအတွင်း ပြဋ္ဌာန်းပြီးဖြစ်သည့် အက်ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းမည့် အက်ဥပဒေများပါပါဝင်သည်။' 'အများပြည်သူ ငြိမ်းချမ်းရေးနှင့် စစ်ပွဲ သို့မဟုတ် လက်နက်ကိုင် ပုန်ကန်မှုအတွင်း နိုင်ငံတော်အား ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ' အခွင့်အရေး များအား ကန့်သတ်ထားသော ဥပဒေဖြစ်သည့်အလျောက် ဤပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှ အာမခံထားသည့် အခွင့်အရေးအားလုံးနီးပါးကို လွှတ်တော်က ပယ်ဖျက်နိုင်သည် ဟူသော သဘောဆောင်သည်။

ယေဘုယျဆန်ပြီး သင့်လျော်မှုမရှိသည့် အဆိုပါပြဋ္ဌာန်းချက်များကို ယနေ့ခေတ်ဒီမိုကရက်တစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တွေ့မြင်ရခဲသည်။ အချို့သော အခွင့်အရေးများနှင့် လွတ်လပ်ခွင့် များကို ပိုမိုအလေးအမြတ်ထားသည့် သို့မဟုတ် ပို၍မူလကျသည့် အရာများအဖြစ် အသိအမှတ်ပြု ခြင်းဖြင့် အရေးပေါ်အခြေအနေတစ်ရပ်၌ လူထုအကျိုးနှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ အခွင့်အရေးများ အကြား ဟန်ချက်ညီမျှတစေရန် ဆောင်ရွက်ရာတွင် အခွင့်အရေးနှင့် လွတ်လပ်ခွင့်အမျိုးမျိုးတို့ကို ကွဲပြားခြားနားစွာ မှတ်ယူသဘောထားနိုင်သည်။ ဥပမာ - အရေးပေါ်အခြေအနေ တစ်ရပ်အတွင်း လွတ်လပ်စွာစုရုံးခွင့်နှင့် စီတန်းလှည့်လည်ခွင့်တို့ကို အဓိကထား၍ ကန့်သတ်မှုများ ပြုလုပ်လေ့ ရှိသည်။ အကြောင်းမှာ အဆိုပါလွတ်လပ်ခွင့်များနှင့် အများပြည်သူအတွက် တရားဥပဒေစိုးမိုးရေး နှင့် လုံခြုံရေးဆောင်ရွက်မှုများကို ထိန်းသိမ်းရန်လိုအပ်ချက်ကြား ချိန်ညှိရာတွင် အများပြည်သူ အတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆောင်ရွက်မှုများကို ပို၍အားကောင်းစွာ လုပ်ဆောင်ကြ သည်။ အရေးပေါ်အခြေအနေများ ပေါ်ပေါက်နေစေကာမူ အခြားအခွင့်အရေးများဖြစ်သည့် ကျွန်ပြု ခြင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို ဆန့်ကျင်သည့် တားမြစ်ချက်များမှာ ကန့်သတ်ခြင်း/ ရပ်စဲခြင်းမရှိဘဲ အသက်ဝင်သည်။ အခြေခံကျသည့် အရေးပါမှုဟု မှတ်ယူကြသောကြောင့် ထိုအခွင့် အရေးများကို "အကြွင်းမဲ့" အခွင့်အရေးများဟု ရံဖန်ရံခါ ညွှန်းဆိုလေ့ရှိသည်။ အကြွင်းမဲ့အခွင့်အရေး များကို ချိုးဖောက်ခြင်းသည် လူသားမဆန်သည့်အတွက် အခြားသောတွေးမြင်ယူဆချက်များနှင့် နှိုင်းယှဉ်လာပါကလည်း အကြွင်းမဲ့အခွင့်အရေးများကို ကာကွယ်ရန်ကသာ ပိုမိုအရေးကြီးသည်။

- ဘဟားမားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၂၉) တွင် ပိုမိုတွေ့မြင်ရလေ့ရှိသည့် ဥပမာကို ဖော်ပြထားသည်။ အရေးပေါ်အခြေအနေ တစ်ရပ်အတွင်းတွင် အကြောင်းမဲ့ဖမ်း ဆီးချုပ်နှောင်ခြင်းမှ ကင်းလွတ်ခွင့်၊ မျှတမှုရှိပြီး အများပြည်သူလေ့လာသိရှိနိုင်သည့် တရား စီရင်မှုအခွင့်အရေး၊ ပုဂ္ဂလိကအခွင့်အရေး၊ လွတ်လပ်စွာယုံကြည်ခွင့်၊ ဖော်ထုတ်ခွင့်၊ စုဝေး ခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်၊ လှုပ်ရှားသွားလာခွင့်နှင့်၊ ခွဲခြားဆက်ဆံမှု မရှိစေရေးတို့ အပါအဝင် အချို့အခွင့်အရေးများကို ကန့်သတ်ခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ လုပ်ဆောင်နိုင် သည်။ သို့သော် အသက်ရှင်သန် လွတ်လပ်ခွင့်၊ ညှင်းပန်းနှိပ်စက်ခြင်းမှ ကင်းလွတ်ခွင့်၊

ကျွန်ပြုခံရခြင်းမှ ကင်းလွတ်ခွင့် စသည့်အခွင့်အရေးများကိုကား ကန့်သတ်ချက်မထားရပေ။ ထို့အပြင် အခွင့်အရေးကန့်သတ်မှုများသည် 'အခြေအနေအရပ်ရပ်ကို သင့်တင့်စွာ ထိန်းညှိနိုင်ခြင်း' နှင့် 'အရေးပေါ်အခြေအနေအားကိုင်တွယ်ရန် ရည်ရွယ်ခြင်း' တို့အတွက်သာလျှင် ဥပဒေနှင့်အညီဖြစ်ပါမည်။ ဤသို့ဆိုရာတွင် အရေးပေါ်အခြေအနေ ကာလအတွင်းမှာပင် အရေးပေါ်ဥပဒေပြုခြင်းအား တရားစီရင်ရေးမဏ္ဍိုင်မှ ပြန်လည်ဆန်းစစ်နိုင်ခွင့်ရှိသည် ဟု ဆိုနိုင်ပြီး ဥပဒေပြုမဏ္ဍိုင်သည် မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ဖိနှိပ်ခြင်းတို့ မရှိစေရန် အကာအကွယ်ပေးသည်။

- အက်စတိုးနီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၃၀) တွင် နိုင်ငံသားအခွင့်အရေးများ၊ တရားဥပဒေစိုးမိုးရေးအတွက် ကျင့်ထုံးဆိုင်ရာအခွင့်အရေးနှင့် အာမခံချက်များ၊ အသက်ရှင်သန်ခွင့်၊ ညှင်းပန်းနှိပ်စက်မှုအားတားမြစ်ခြင်း၊ ကြွေးမြီတင်ရှိခြင်းကြောင့် အကျဉ်းချခံရခြင်း၊ မျှတသည့်တရားစီရင်မှု အခွင့်အရေးနှင့် ကျူးလွန်ကြောင်းသက်သေမပြနိုင်ပါက အပြစ်မှကင်းလွတ်ခွင့်၊ ဥပဒေမဲ့ နှိပ်စက်မှုမရှိစေခြင်းနှင့် နောက်ကြောင်းပြန်သက်ရောက်မှုမရှိစေသည့်ဥပဒေများ၊ ဥပဒေမဲ့ပြုကျင့်ခြင်းများအတွက် လျော်ကြေးခံစားခွင့်၊ မိသားစုအခွင့်အရေး၊ လူမှုစီးပွားအခွင့်အရေး၊ ပြစ်မှုဖြစ်ပွားရာနိုင်ငံသို့ မတရားပြန်လည်ပို့ဆောင်ခြင်း၊ လွတ်လပ်စွာတွေးတောခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်တို့အပါအဝင် အချို့အခွင့်အရေးများကို အရေးပေါ်အခြေအနေ ကာလအတွင်းပင်ဖြစ်စေ အမြဲတမ်းအကာအကွယ်ပေးထားသည်။
- ပိုလန်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ (ပုဒ်မ ၂၃၃) တွင် 'စစ်အုပ်ချုပ်ရေးဥပဒေနှင့် အရေးပေါ်အခြေအနေအတွင်းတွင် နိုင်ငံသားများ၏ လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးကန့်သတ်ချက်များကို ဖော်ပြထားသည့် ဥပဒေအား တားမြစ်ကန့်သတ်ခြင်းမပြုရ' ဟု ပြဋ္ဌာန်းထားသည်။ ယင်းအာမခံထားသည့် အခွင့်အရေးများတွင် လူဂုဏ်သိက္ခာ၊ နိုင်ငံသားဖြစ်ခွင့်၊ အသက်ရှင်သန်ခွင့်၊ လူသားဆန်ဆန်ပြုမူမှု၊ ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုအတွက် တောင်းဆိုခွင့်၊ တရားရုံးတွင် စစ်ဆေးကြားနာပိုင်ခွင့်၊ ပုဂ္ဂလိကအခွင့်အရေးများ၊ လွတ်လပ်စွာယုံကြည်ခွင့်နှင့် ကိုးကွယ်ခွင့်၊ အသနားခံစာတင်ခွင့်၊ မိသားစုနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများ ပါဝင်သည်။ ပိုလန်နိုင်ငံသည် 'လူမျိုးစု၊ ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု သို့မဟုတ် ဘာသာမဲ့၊ ဇာတ်နိမ့် ဇာတ်မြင့်၊ မျိုးရိုးဇာတိ သို့မဟုတ် ပိုင်ဆိုင်မှုတို့ကို အခြေခံ၍ နိုင်ငံသားများ၏လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအား ကန့်သတ်ပိတ်ပင်ခြင်း' ကိုလည်း တားမြစ်သည်။

## စဉ်းစားစရာ အချက် (၃)

အရေးပေါ်အခြေအနေများကို ကိုင်တွယ်ရာတွင် မည်သည့်အခွင့်အရေးများကို အလျော့အတင်းပြုလုပ်ရန် လိုအပ်သနည်း။ မည်သည့်အခွင့်အရေးများသည် အခြေခံကျပြီး အရေးပေါ်အခြေအနေကာလအတွင်းမှာပင် အကာအကွယ်ပေးရန် လိုအပ်သနည်း။ အဆိုပါအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြရန် ရှင်းလင်းမှုနှင့် ခိုင်မာမှုရှိပါသလော။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြမှုသည် နိုင်ငံတော်မှအဖွဲ့ဝင်အဖြစ်ပါဝင်ထားသည့် နိုင်ငံတကာဥပဒေများနှင့်အညီ ဖြစ်ပါသလော။

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ

အထက်တွင် ဖော်ပြခဲ့သည့်ဥပမာများသည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပသဘောတူညီချက် (ECHR) ၏ လွှမ်းမိုးမှုရှိသော ယနေ့ခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တွေ့ရများသည်။ ဥရောပတွင်သာမက အာဖရိကရှိနေရာ အတော်များများ၊ ကာရေဗီယန်နှင့် တောင်ပစိဖိတ်ဒေသများတွင်ပါ တွေ့ရသည်။ အရေးပေါ်အခြေအနေအတွင်းမှာပင် တားမြစ်ကန့်သတ်ခွင့် မရှိသည့် ECHR ၏ "အကြွင်းမဲ့ အခွင့်အရေးများ" မှာ- ညှဉ်းပန်းနှိပ်စက်၍ ရက်စက်သော လူသားမဆန်သည့် ပြုကျင့်မှုမှ ကင်းလွတ်ခွင့် (ပုဒ်မ ၃)၊ ကျွန်ပြုမှုအားပိတ်ပင်ခြင်း (ပုဒ်မ ၄)နှင့် ဥပဒေနှင့်အညီ မဟုတ်ဘဲ လူတစ်ဦးအား အပြစ်မပေးနိုင်ခြင်း (ပုဒ်မ ၇) တို့ပါဝင်သည်။

လူမှုရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာကတိကဝတ် (ICCPR) သည်လည်း အရေးပေါ်အခြေအနေများမှာပင် ရပ်စဲခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုနိုင်သည့် အချို့အခွင့်အရေးများကို ပြဋ္ဌာန်းထားသည်။ အသက်ရှင်သန်ခွင့် (ပုဒ်မ ၆)၊ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းလွတ်ခွင့် (ပုဒ်မ ၇)၊ ကျွန်ပြုခြင်းအား ပိတ်ပင်ခြင်း (ပုဒ်မ ၈)၊ ကြွေးမြီတင်သည့်အတွက် အကျဉ်းချုံ့ခံရခြင်းမှ ကင်းလွတ်ခွင့် (ပုဒ်မ ၁၁)၊ ဥပဒေမဲ့ နှိပ်စက်မှုမရှိစေခြင်းနှင့် နောက်ကြောင်းပြန်သက်ရောက်မှု မရှိစေသည့် ဥပဒေ (ပုဒ်မ ၁၅)၊ ဥပဒေအရ လူသားဖြစ်တည်မှုကို အသိအမှတ်ပြုခြင်း (ပုဒ်မ ၁၆)၊ ဘာသာရေးလွတ်လပ်ခွင့် (ပုဒ်မ ၁၈) တို့ ပါဝင်သည်။ ၎င်း နိုင်ငံတကာဥပဒေစံနှုန်းများကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအတွင်းသို့ ထည့်သွင်းနိုင်သည်။ ဥပမာ - တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၃၇) တွင် 'အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်း၏ အကျိုးဆက်အနေဖြင့် ထုတ်ပြန်လိုက်သည့် ဥပဒေသည် "နိုင်ငံသားအခွင့်အရေး ပြဋ္ဌာန်းချက်များ" မှ သွေဖယ်ခြင်းသည် အရေးပေါ်အခြေအနေအရ လိုအပ်သည့်အတိုင်းအတာထိသာလျှင် သွေဖယ်ရမည်။ ဥပဒေပြုရာတွင်လည်း အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်သော နိုင်ငံတကာဥပဒေအရ နိုင်ငံတော်မှ ကတိကဝတ်ပြုထားသည့် တာဝန်များနှင့်အညီ ဖြစ်ရမည်' ဟုဆိုထားပါသည်။

၁၉၈၄ ခုနှစ်တွင် နိုင်ငံတကာဥပဒေအသင်းအဖွဲ့က ချမှတ်ခဲ့သော 'အရေးပေါ်အခြေအနေတစ်ရပ်အတွင်း လူ့အခွင့်အရေးဆိုင်ရာ အနည်းဆုံး ပဲရစ်စံသတ်မှတ်ချက်များ (အချက်ပြဇယား ၄.၁ ကိုကြည့်ပါ) တွင် အရေးပေါ်အခြေအနေများနှင့် ပတ်သတ်၍ 'ပျော့ပြောင်းသည့်ဥပဒေ (soft law)' အနည်းဆုံး စံသတ်မှတ်ချက်အား ဖော်ပြထားသည်။ အဆိုပါစံသတ်မှတ်ချက်များသည် 'အရေးပေါ်အခြေအနေတစ်ရပ် အမှန်တကယ်ကြေညာသည့် အခြေအနေမျိုးဌပင်လျှင် သွေဖယ်ခွင့်မရှိသည့် အခြေခံလူ့အခွင့်အရေးများကို တားမြစ်ခြင်းမှ ရှောင်ရှားနိုင်စေရန်ဖြစ်သည်' (Lillich 1985)။

## အချက်ပြဇယား (၄.၁) - အရေးအခြေအနေတစ်ရပ်အတွင်း လူ့အခွင့်အရေးဆိုင်ရာ အနည်းဆုံး ပဲရစ် စံသတ်မှတ်ချက်များ

ပဲရစ်တွင် သဘောတူခဲ့သော အနည်းဆုံးစံသတ်မှတ်ချက်များ၌ တရားရုံးကိုအာဏာပေးအပ်ထားပြီးတရားစီရင်ရေးမဏ္ဍိုင်ကို ဆုံးဖြတ်ခွင်များပြုသင့်ကြောင်းဖော်ပြထားသည်။ ၎င်းတို့မှာ -

၁။ အရေးပေါ်အခြေအနေတွင် ပြဋ္ဌာန်းသောဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပါသလော။ - ဤကဲ့သို့အရေးကြီးသည့် အခြေအနေများတွင် ဥပဒေနှင့်မညီညွတ်သည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်လာခြင်းကို အတိအကျဖော်ပြထားပါသလော။ ဤအခြေအနေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လိုအင်များနှင့် ပြည့်မီခြင်းရှိပါသလော။ ဆိုလိုသည်မှာ အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ကျင့်သုံးရာတွင် မြေပြင်လိုအပ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ပါသလော။

၂။ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်း ရှိပါသလော။ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ပါသလော။ အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို အသုံးပြုရာတွင် လိုအင်နှင့် အချိုးကျကိုက်ညီပါသလော။

၃။ အရေးပေါ်အခြေအနေတစ်ရပ်အောက်တွင် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အကာအကွယ်ပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များအား ချိုးဖောက်မှုရှိပါသလော။ သွေဖယ်ခွင့်မရှိသည့် လူ့အခွင့်အရေးများကို ချိုးဖောက်ပါသလော။

၄။ သွေဖယ်ခွင့်ရှိသည့် အခွင့်အရေးများကို ချိုးဖောက်ရာတွင် ဖော်ပြထားသည့် စံနှုန်းများနှင့် အချိုးကျမှု ရှိပါသလော။

၅။ အတိအလင်းရုတ်သိမ်းထားခြင်းမရှိဘဲ အသက်ဝင်နေသေးသည့် ဒေသဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုအတွက် အရေးပေါ်အစီအမံများ ရှိပါသလော။

တို့ဖြစ်ကြသည်။

ကိုးကားချက်- ကိုက်ညီမှုရှိစေရန် Lillich (၁၉၈၅) ၏စာတမ်းမှ ပြောင်းလဲပြင်ဆင်အသုံးပြုသည်။

# ၅။ အရေးပေါ်အခြေအနေတစ်ခု၏နောက်ဆက်တွဲသက်ရောက်မှုများ

## အုပ်ချုပ်ရေးမဏ္ဍိုင်ကသာ အာဏာ၏ပဟိုချက်မ ဖြစ်လာခြင်း

အရေးပေါ်အခြေအနေများတွင် အလေးအနက်ထားပြီး ပြတ်ပြတ်သားသား ဆောင်ရွက်ရန်လိုအပ်ပြီး ဥပဒေပြုရေးမဏ္ဍိုင်ထက် အုပ်ချုပ်ရေးမဏ္ဍိုင်က ပိုမိုသင့်လျော်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အများစုတွင် အရေးပေါ်အခြေအနေ တစ်ရပ်အတွင်း၌ အုပ်ချုပ်ရေးမဏ္ဍိုင်သည် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် သာမာန်အားဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၏ တာဝန်ဖြစ်သော ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်။

- နမ်မီးဘီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၂၆)တွင် သမ္မတသည် အရေးပေါ်အခြေအနေတစ်ရပ်အတွင်း 'နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူလုံခြုံရေးနှင့် ဥပဒေနှင့် အမိန့်အာဏာ တည်တံ့စေရေးတို့အတွက် ၎င်းမှထုတ်ပြန်သင့်သည်ဟုယူဆသော စည်းမျဉ်းများကို ကြေညာရန် အခွင့်အာဏာရှိသည်။'
- အီကွေဒေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၆၅) တွင် သမ္မတသည် အခွန်အခတိုးမြှင့်ခြင်း၊ အများပြည်သူရံပုံငွေ ပြန်လည်ချထားသတ်မှတ်ခြင်း၊ ဆင်ဆာဖြတ်တောက်ခြင်း အားစတင်ကျင့်သုံးခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့များ နေရာပြောင်းရွှေ့ခြင်းနှင့် ဆိပ်ကမ်းများ၊ လေဆိပ်များနှင့် နယ်စပ်ဂိတ်များ ပိတ်ခြင်းတို့ကဲ့သို့သော အချို့ ကိစ္စရပ်များကို အမိန့်အဖြစ်ချမှတ်နိုင်သည်။

ထိုကဲ့သို့ အုပ်ချုပ်ရေးမဏ္ဍိုင်၌ ဥပဒေပြုရေးအာဏာ များပြားနေခြင်းသည် ဒီမိုကရက်တစ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လုပ်ပိုင်ခွင့်အာဏာညီမျှနေမှုကို အနှောင့်အယှက်ဖြစ်စေပြီး အစိုးရအနေဖြင့် လုပ်ပိုင်ခွင့်အာဏာများ အလွန်အကျွံသုံးစွဲမှု ဖြစ်စေနိုင်သည်။ ထို့ကြောင့် အုပ်ချုပ်ရေးဆိုင်ရာအမိန့်များနှင့် ၎င်းအမိန့်များကို ထုတ်ပြန်ရာတွင် ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ စောင့်ကြည့်ခြင်းကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုံခြုံရေးအစီအမံများကို သင့်လျော်သလို ထည့်သွင်းရေးဆွဲရမည်။ ဥပမာ အာဂျင်တီးနားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၉၉.၃) တွင် သမ္မတသည် 'အချို့အခြေအနေများ၌ ဥပဒေများ အတည်ပြုရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပုံမှန်လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာလုပ်ဆောင်ရန် မဖြစ်နိုင်သည့်အခါ' လိုအပ်ချက်နှင့် အရေးကြီးမှုအပေါ်မူတည်ပြီး အမိန့်ထုတ်ပြန်ခွင့် ရှိသည်။

သို့သော် ရာဇဝတ်မှု၊ အခွန် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ သို့မဟုတ် အုပ်ချုပ်နေသည့် လက်ရှိအာဏာရအစိုးရနှင့် ပက်သက်နေသော နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် အမိန့်ထုတ်ပြန်ချက်များမပါဝင်ပါ။ အမိန့်ထုတ်ပြန်ချက်များကို သမ္မတမှ တိုက်ရိုက်မဟုတ်ဘဲ ဝန်ကြီးများပါဝင်သည့် အစိုးရအဖွဲ့၏ အထွေထွေအစည်းအဝေးမှသာ ထုတ်ပြန်ရမည်။ အမိန့်များကို လွှတ်တော် (Congress) ၏ ဥပဒေပြုရေးမဏ္ဍိုင် ၂ ရပ်စလုံး ပါဝင်သည့် အမြဲတမ်းကော်မတီသို့ တင်သွင်းရမည်။ ကော်မတီအဖွဲ့ဝင်များသည် လွှတ်တော်ရှိ အစုအဖွဲ့အချိုးကျအလိုက် ဖြစ်ရမည်။ ထိုကော်မတီသည် အစီရင်ခံစာ ၁ စောင်ကို ၁၀ ရက်အတွင်း လွှတ်တော်သို့ တင်သွင်းရမည်။

သို့သော်အခြားတစ်ဖက်တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာကို အုပ်ချုပ်ရေးမဏ္ဍိုင်ထံသို့ လွှဲပြောင်းခွင့်မှာ အမှန်တကယ်လိုအပ် မည်လောဟု မေးခွန်းထုတ်နိုင်သည်။ အရေးပေါ်အခြေအနေများတွင် (အထူးသဖြင့် အစိုးရအဖွဲ့သည် ပါလီမန်လွှတ်တော်၏ အများစုသဘောတူညီချက်ကို အခါအားလျော်စွာရရှိနိုင်သော ပါလီမန်စနစ်များတွင်) ဥပဒေပြုရေးမဏ္ဍိုင်သည် ဥပဒေကြမ်းတစ်ခုကို အလျင်အမြန်အတည်ပြုနိုင်သည်။ ကျယ်ပြန့်သည့် ဥပဒေပြုရေးဆိုင်ရာ သဘောတူညီချက်များကို အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ခုတည်း ကိုယ်စားပြုတာဝန်ယူခြင်းထက် လျင်လျင်မြန်မြန် အရေးပေါ်ဥပဒေပြုရေး ဖော်ဆောင်နိုင်မည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေများကိုချမှတ်ခြင်းက ပိုမိုကောင်းမွန်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

## ပဟိုအဆင့်တွင် အာဏာစုစည်းမှု

နိုင်ငံအများစုတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် (ပြည်နယ်များ၊ တိုင်းဒေသကြီးများ သို့မဟုတ် မြို့တော်များပင်လျှင်) ရဲ၊ ပြည်သူ့လုံခြုံရေး၊ မီးသတ်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ အိမ်ယာနှင့် စီမံကိန်းရေးဆွဲရေးနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံ ထိန်းသိမ်းခြင်းတို့ကဲ့သို့သော ကိစ္စရပ်များအပေါ် ကိုယ်ပိုင်ဘဏ္ဍာငွေ၊ အုပ်ချုပ်ခွင့်နှင့် မူဝါဒချမှတ်ခွင့်အာဏာတို့ကို ခံစားခွင့်ရှိသည်။ သာမန်အခြေအနေများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ကောင်းမွန်သောအုပ်ချုပ်မှုကို မြှင့်တင်ပေးခြင်း၊ ထိလွယ်ရှလွယ်ဖြစ်သည့် ဒေသခံတို့၏ လိုအင်များနှင့် စပ်လျဉ်း၍ ထိရောက်လျင်မြန်သည့်မူဝါဒချမှတ်မှုကို အားကောင်းစေခြင်းနှင့်၊ ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့အသိုက်အဝန်း၏ အသံကို ဒေသဆိုင်ရာအစိုးရအဖွဲ့အတွင်း ရောက်ရှိစေလိုသည့် စိတ်အားထက်သန်မှုတို့ကို ဖော်ဆောင်ပေးနိုင်ပါသည်။ သို့သော် ဘေးအန္တရာယ်ဆိုးကြီးတစ်ခုသည် ဒေသဆိုင်ရာအာဏာပိုင်များ၏ ပမာဏကန့်သတ်ချက်ရှိသည့် အရင်းအမြစ်များကို ကုန်ခမ်းသွားနိုင်စေပြီး၊ တုံ့ပြန်ဆောင်ရွက်ပေးရန် စွမ်းဆောင်နိုင်စွမ်းထက် ကျော်လွန်ကောင်းကျော်လွန်နိုင်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ် နယ်နိမိတ်တကြော လုပ်ဆောင်ချက်များကို ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရှိပြီး၊ အရင်းအမြစ်များ စုဆောင်းကောက်ခံခြင်းနှင့် မျှဝေခြင်းတို့ ဆောင်ရွက်နိုင်သော နိုင်ငံတော်အဆင့်အာဏာပိုင်များက ကြားဝင်ဆောင်ရွက်ပေးရခြင်း ရှိနိုင်သည်။ အလားတူပင် ပြည်ပကျူးကျော်မှု၊ ဆူပူသောင်းကျန်းမှု သို့မဟုတ် အများပြည်သူဆိုင်ရာအမိန့်ကျိုး

ပေါက်ခြင်းတို့ကြောင့် နိုင်ငံ၏နယ်မြေတစ်စိတ်တစ်ဒေသကို ထိခိုက်လာပါက အသက်၊ အိုးအိမ် စည်းစိမ်၊ အများပြည်သူအတွက် တရားဥပဒေစိုးမိုးရေးနှင့် ပိုင်နက်နယ်နိမိတ်ဆုံးရှုံးမှုတို့ကို ကာကွယ်ရန်အတွက် နိုင်ငံအဆင့်အာဏာပိုင်များသည် စုပေါင်းတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်သည်။

ထို့ကြောင့် အရေးပေါ်အခြေအနေတစ်ခုအတွင်းတွင် တိုင်းဒေသကြီး/ပြည်နယ်၏အာဏာသည် ဗဟိုအစိုးရထံသို့ ခေတ္တလွှဲပြောင်းရသော အခြေအနေရှိနိုင်သည်။ ဖက်ဒရယ်စနစ်များတွင် ထိုကဲ့သို့ ပြဋ္ဌာန်းချက်များသည် ဗဟိုချုပ်ကိုင်မှုပိုမိုအားကောင်းသော အစိုးရတစ်ရပ်အသွင်သို့ ယာယီကူးပြောင်း သွားနိုင်သည်။

- အာဂျင်တီးနားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၆) အရ ဖက်ဒရယ်အစိုးရသည် 'သမ္မတစနစ် အစိုးရတစ်ရပ်ကို အာမခံရန်၊ သို့မဟုတ် ပြည်ပကျူးကျော်မှုများတွန်းလှန်ရန်နှင့်၊ ပြည်နယ်များဖျက်သိမ်းရန် ပုန်ကန်မှုပြုခြင်း သို့မဟုတ် အခြားပြည်နယ်တစ်ခုမှ ကျူးကျော်ခြင်းတို့ကြောင့် အာဏာပိုင်များ၏ တောင်းဆိုချက်အရ ပြည်နယ်များကို အထောက်အပံ့ပေးရန် သို့မဟုတ် ပြန်လည်ဖွဲ့စည်းရန်အလို့ငှာ ပြည်နယ်တစ်ခု၏နယ်နိမိတ်အရေးကို ကြားဝင်ဆောင်ရွက်နိုင်သည်။ ဖက်ဒရယ်အဆင့်မှ ကြားဝင်ဆောင်ရွက်မှုတစ်ခုတွင် သက်ဆိုင်ရာပြည်နယ်အစိုးရနေရာတွင် ဖက်ဒရယ်အဆင့်မှ ခန့်အပ်လိုက်သူတစ်ဦးဖြင့် ခေတ္တအစားထိုးဆောင်ရွက်ခြင်း ပါဝင်သည်။ ပုဒ်မ (၇၅) အရ လွှတ်တော်သည် ထိုကဲ့သို့ 'ဖက်ဒရယ်မှ ကြားဝင်ဆောင်ရွက်မှု'တစ်ခုကို အမိန့်ပေးညွှန်ကြား ပြီး လွှတ်တော်အစည်းအဝေးရပ်နားထားချိန်တွင် သမ္မတကအမိန့်ပေးညွှန်ကြားထားသည့်ကြားဝင်ဆောင်ရွက်မှုတစ်ခုကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကိုမှ ဆောင်ရွက်နိုင်သည်။ ဤကဲ့သို့ စီစဉ်ဆောင်ရွက်ရာတွင် လုံခြုံရေးအစီအမံများစွာ ပါဝင်ပါသည်- ဖက်ဒရယ်အဆင့်မှ ကြားဝင်ဆောင်ရွက်မှုကို တရားဝင်ခွင့်ပြုနိုင်မည့် အခြေအနေအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်း၊ လွှတ်တော်၏ ခွင့်ပြုချက်လိုအပ်ခြင်း၊ အချို့သောကိစ္စရပ်များတွင် ဖက်ဒရယ်အေဂျင်စီများ အကူအညီလာရောက်မပေးနိုင်မီ ပြည်နယ်အာဏာပိုင်များက ဖက်ဒရယ်အဆင့်မှ ကြားဝင်ဆောင်ရွက်မှုကို တောင်းဆိုခြင်း တို့ပါဝင်သည်။ အဆိုပါပြဋ္ဌာန်းချက်များသည် ဖက်ဒရယ်အဆင့်မှ ကြားဝင်ဆောင်ရွက်မှု၏ ကျယ်ပြန့်သည့်အာဏာကို ခွင့်ပြုထားသော်လည်း အာဏာကို အလွဲသုံးစားပြုခြင်းမှ အမြဲတစေ ကာကွယ်နိုင်ခြင်းမရှိခဲ့ပါ (Negretto 2013)။

- အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၂၅၀) အရ လွှတ်တော်သည် 'အရေးပေါ်အခြေအနေကာလ ထုတ်ပြန်ထားချိန်တွင် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတွက်ဖြစ်စေ သို့မဟုတ် မည်သည့်နယ်မြေအတွက်ကိုဖြစ်စေ ဥပဒေပြုရန် အာဏာရှိသည်။' တစ်နည်းအားဖြင့် အရေးပေါ်အခြေအနေကာလ အတွင်းဖြစ်ပါက ပြည်နယ်များကိုသာ အခွင့်အာဏာပေးထားသော ကိစ္စရပ်များ (ပြည်နယ်

ဥပဒေပြုစာရင်း) အပါအဝင်၊ မည်သည့်ကိစ္စရပ်ကိုမဆို ဥပဒေပြုနိုင်သည့်အတွက် အရေးပေါ်အခြေအနေ ထုတ်ပြန်ခြင်းသည်ပြည်ထောင်စုလွှတ်တော်၏အာဏာကို များစွာတိုးစေသည်။ ဤပြဋ္ဌာန်းချက်အောက်တွင် ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေများသည် အရေးပေါ်အခြေအနေ ကုန်ဆုံးပြီးနောက် ၆ လအကြာတွင် သက်ရောက်မှုပျက်ပြယ်သည်။ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ (ပုဒ်မ ၃၅၆)တွင် 'သမ္မတမှ တိုက်ရိုက်အုပ်ချုပ်ခြင်း' အား ပြည်နယ်များတွင် ကျင့်သုံးရန်အတွက်လည်း ခွင့်ပြုထားသည်။ ၎င်းတွင် ပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာဏာကို ခေတ္တဆိုင်းငံ့ထားခြင်းလည်း ပါဝင်ပြီး (ပြည်ထောင်စုအစိုးရ၏ အကြံပြုချက်အရ) ပြည်နယ်ဝန်ကြီးချုပ်၏ အုပ်ချုပ်ရေးအာဏာကို သမ္မတထံ လွှဲပြောင်းပေးအပ်သည်။ သမ္မတမှ တိုက်ရိုက်အုပ်ချုပ်ခြင်းသည် အုပ်ချုပ်ရေးဆိုင်ရာအခက်အခဲများ ပေါ်ပေါက်နေသည့် သက်ဆိုင်ရာ ပြည်နယ်တွင်သာ သက်ရောက်ဆောင်ရွက်မည်ဖြစ်ပြီး တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေ ထုတ်ပြန်မည် မဟုတ်ပါ။ သို့သော် ဤပြဋ္ဌာန်းချက်ကို အရေးပေါ်အခြေအနေများတွင် အသုံးပြုခြင်းထက် နိုင်ငံရေးအထိကရုဏ်းများတွင် ကြားဝင်ဆောင်ရွက်ရာ၌သာ မကြာခဏ အသုံးပြုကြသည်။

ဖက်ဒရယ်စနစ်တွင် နောက်ထပ်ရွေးချယ်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံတစ်ခုမှာ ဘေးအန္တရာယ်အား တုံ့ပြန်ဆောင်ရွက်ရာတွင် ဖက်ဒရယ်အစိုးရတစ်ခုတည်းမှတာဝန်ယူဆောင်ရွက်ခြင်း သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဖက်ဒရယ်အဆင့် နှစ်ရပ်စလုံးမှ ပူးတွဲကျင့်သုံးနိုင်သောအာဏာတစ်ရပ် အဖြစ်ထားရှိပြီး တာဝန်ယူဆောင်ရွက်ခြင်းတို့ ဖြစ်သည်။ သို့မှသာ ဤနည်းဖြင့် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာရန်မလိုဘဲ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ထောက်ပံ့ပေးနိုင်ရေးအတွက် ဖက်ဒရယ်အစိုးရအား ဖွဲ့စည်းပုံအခြေခံဥပဒေမှ အတိအလင်းပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အာဏာကို ပေးနိုင်မည်ဖြစ်သည်။

## ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေအများစုသည် အရေးပေါ်အခြေအနေများအတွင်း ရွေးကောက်ပွဲများ ရွှေ့ဆိုင်းထားရန် ပြဋ္ဌာန်းထားသည်။ အရေးပေါ်အခြေအနေများအတွင်း ရွေးကောက်ပွဲတစ်ခုကျင်းပရန်မှာ အခက်အခဲရှိနိုင်ပါသည်။ အရေးပေါ်အခြေအနေ၏ သဘောသဘာဝနှင့် အနှောင့်အယှက်ဖြစ်နိုင်သည့် အတိုင်းအတာအပေါ်မူတည်၍ ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၊ မဲဆွယ်စည်းရုံးမည့်သူများနှင့် မဲပေးမည့်သူများ၏ လုံခြုံရေးကို အာမခံပေးနိုင်သော သို့မဟုတ် ရွေးကောက်ပွဲရလဒ် သမာသမတ်ကျမှုတို့ကို အာမခံနိုင်သော ဆန္ဒမဲလက်မှတ်များ ဖြန့်ဝေခြင်းကို လုပ်ဆောင်နိုင်ခြေ မဖြစ်နိုင်သလောက်နီးနီး ရှိမည်ဖြစ်သည်။ တစ်ချို့သော အခြေအနေများတွင် အရေးပေါ်အခြေအနေကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်းသည် ပို၍အရေးကြီးသည့် အသက်ကယ်ဆယ်ရေး လုပ်ငန်းတွင် သုံးစွဲရမည့် စွမ်းအင်များနှင့်အရင်းအမြစ်များကို ယူငင်သုံးစွဲသကဲ့သို့ ဖြစ်သွားနိုင်ပါသည်။ ရိုးသားမှုမရှိသည့် အစိုးရတစ်ရပ်အနေဖြင့် အရေးပေါ်အခွင့်အရေး ကန့်သတ်

ချက်များကို အသုံးပြု၍ အတိုက်အခံကိုယ်စားလှယ်လောင်းများနှင့် ဝေဖန်သည့်သတင်း မီဒီယာများအား (ဥပမာ- ဖမ်းဆီးထိန်းသိမ်းခြင်း) ဖိနှိပ်ခြင်းတို့ဖြင့် လွတ်လပ်၍ တရားမျှတမှု နည်းပါးသည့် ရွေးကောက်ပွဲများ ဖြစ်စေတတ်သော အန္တရာယ်လည်းရှိသည်။

အရေးပေါ်အခြေအနေတစ်ရပ် ကြေညာပြီးသည့်နောက်တွင် ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်းလည်း အလိုအလျောက် လိုက်ပါလာနိုင်သည်။ ဥပမာအားဖြင့် - အက်စတိုးနီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၃၁)တွင် 'အရေးပေါ်အခြေအနေတစ်ရပ် သို့မဟုတ် စစ်ပွဲကာလတစ်ခုအတွင်းတွင် ပါလီမန်လွှတ်တော် (the Riigikogu)၊ နိုင်ငံတော်သမ္မတနှင့် ဒေသန္တရအစိုးရအဖွဲ့များ၏ ကိုယ်စားပြုအစုအဖွဲ့များအား ရွေးကောက်တင်မြှောက်ခြင်းမပြုရ သို့မဟုတ် ၎င်းတို့၏အာဏာအား ရပ်စဲခြင်းမပြုရ' ဟု ဖော်ပြထားသည်။ စစ်ပွဲ သို့မဟုတ် အရေးပေါ်အခြေအနေ ပြီးဆုံးသည့်နောက် ၃ လအတွင်း ရွေးကောက်ပွဲများ ကျင်းပပေးရမည်။

အခြားတစ်ဖက်တွင်မူ ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်းသည် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်းနှင့် ဆက်စပ်မှုမရှိခြင်းလည်း ဖြစ်နိုင်ပါသည်- ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်းမပြုဘဲ အရေးပေါ်အခြေအနေတစ်ရပ် ကြေညာနိုင်သလို၊ သို့မဟုတ် အရေးပေါ်အခြေအနေ တစ်ရပ် ကြေညာခြင်းမရှိသော်လည်း ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းနိုင်ပါသည်။ ဥပမာအားဖြင့် ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များပဋ္ဌာဉ်၊ အခန်း ၄(၂) တွင် 'အမှန်တကယ်စစ်မက်ဖြစ်ပွားခြင်း သို့မဟုတ် စစ်မက်ဖြစ်ပွားနိုင်ဖွယ်ဟု ထင်မြင်ရသောအခြေအနေ၊ ကျူးကျော်မှု သို့မဟုတ် ပုန်ကန်မှုအတွင်း' အောက်လွှတ်တော် (House of Commons) သို့မဟုတ် ပြည်နယ်ဥပဒေပြုရေးအဖွဲ့သည် ၅ နှစ်သက်တမ်းထက် ကျော်လွန်၍ သက်တမ်းတိုးခြင်းအား ကိုယ်စားလှယ် သုံးပုံတစ်ပုံကျော်က ကန့်ကွက်မဲဖြင့် ဆန့်ကျင်မှုမပြုခဲ့ပါက ဆက်လက်သက်တမ်းတိုးဆောင်ရွက်နိုင်သည်။

ကနေဒါနိုင်ငံ၏ ပြဋ္ဌာန်းချက် ၃ ရပ်မှာ အထူးစီတဝင်စားဖွယ်ကောင်းလှသည်။ ပထမအချက်မှာ အများစုသဘောဆန္ဒဖြင့်တန်ပြန်စစ်ဆေးခြင်း ဖြစ်သည်။ သာမန်အခြေအနေများတွင် အတိုက်အခံ၏ သဘောတူညီမှုမပါသော အစိုးရ၏တစ်ဖက်သတ် ပြဋ္ဌာန်းခြင်းကို တားမြစ်နိုင်သော်လည်း ကိုယ်စားလှယ်အများစု၏ သုံးပုံနှစ်ပုံက ထောက်ခံလျှင် (သို့မဟုတ် မကန့်ကွက်လျှင်) ရွေးကောက်ပွဲတစ်ခုကို ရွှေ့ဆိုင်းနိုင်သည်။ ဒုတိယအချက်မှာ ရွေးကောက်ပွဲ ရွှေ့ဆိုင်းမှုတစ်ခုအတွက် အချိန်ကာလ အကန့်အသတ်မရှိခြင်း၊ သို့မဟုတ် အကြိမ်ရေမည်မျှအထိ ရွှေ့ဆိုင်းနိုင်ကြောင်း မပါရှိပေ။ ဥပမာအားဖြင့်ဤအချက်သည် မော်လ်တာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(ပုဒ်မ ၇၆.၃) တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းအတွက် တင်းကျပ်သည့်အချိန်ကာလ ကန့်သတ်မထားသော်လည်း တစ်ကြိမ် ရွှေ့ဆိုင်းပါက (၁) နှစ်ထက် ကျော်လွန်မှုမရှိစေခြင်းနှင့်၊ (၅) ကြိမ်ဆက်တိုက်ထက်ပို၍ ရွှေ့ဆိုင်းခြင်း မပြုရန်ဟူသည့်အချက်နှင့် ကွဲလွဲနေသည်။ တတိယအချက်မှာ မောလ်တာ (Malta) နိုင်ငံနှင့် အခြားဓနသဟာယနိုင်ငံများကဲ့သို့ပင် ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် 'စစ်မက်၊ ကျူးကျော်မှု

သို့မဟုတ် ပုန်ကန်မှု' ဖြစ်စဉ်များတွင်သာ ရွေးကောက်ပွဲများရှေ့ဆိုင်းခြင်းကို ခွင့်ပြုထားပြီး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ သို့မဟုတ် အခြားသော စစ်မက်မဖြစ်ပွားသည့် အရေးပေါ်ကာလများတွင် ရွေးကောက်ပွဲများ ရှေ့ဆိုင်းခွင့်မရှိပေ။

စစ်မက်မဖြစ်ပွားသည့်လ အရေးပေါ်ကာလတစ်ခုအတွင်း ရွေးကောက်ပွဲများ ကျင်းပရန် မဖြစ်နိုင်သည့်အခြေအနေမျိုးတွင် ဤအချက်သည် လက်တွေ့မကျပေ။ စစ်မက်ဖြစ်ပွားနေချိန်အတွင်း ရွေးကောက်ပွဲတစ်ခု ကျင်းပခြင်းနှင့် စပ်လျဉ်း၍ အချက်ပြဇယား (၅.၁) ကို ကြည့်ပါ။

## အချက်ပြဇယား (၅.၁) စစ်ဆင်ရေးအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံ - ဒုတိယကမ္ဘာစစ်အတွင်း ရွေးကောက်ပွဲများ

ဒုတိယကမ္ဘာစစ် (၁၉၃၉-၄၅) သည် အလုံးစုံစစ်ပွဲတစ်ခုဖြစ်ပြီး၊ အနောက်နိုင်ငံများတွင် လစ်ဘရယ်ဒီမိုကရေစီ ရှင်သန်မှုသည် ပြည်သူတစ်ရပ်လုံးနှင့် ၎င်း၏ စီးပွားရေးရင်းမြစ်များ အားလုံးကိုစုစည်း၍ စစ်အောင်နိုင်ရေးအတွက် အလုံးအရင်းဖြင့်အသုံးပြုခြင်းအပေါ် မူတည်ခဲ့သည်။ ဝိရောဓိဖြစ်စေသော စိန်ခေါ်ချက်တစ်ရပ်မှာ ဒီမိုကရေစီ စံချိန်စံညွှန်းများမှ သွေဖယ်ခြင်း မရှိစေဘဲ ဖြစ်လတ္တံ့ခြိမ်းခြောက်မှုများမှ ဒီမိုကရေစီကို မည်သို့မည်ပုံကာကွယ်ရမည် ဟူသည့် အချက်ဖြစ်သည်။ အထူးသဖြင့် စစ်မက်ဖြစ်ပွားချိန် အခြေအနေများအတွင်း ရွေးကောက်ပွဲများ ကျင်းပရန်သင့်မသင့်ဟူသည့် မေးခွန်းထွက်ပေါ်လာသည်။ ယူနိုက်တက်ကင်းဒမ်း (United Kingdom) တွင်မူ ပါလီမန်၏သက်တမ်းအား ဥပဒေဖြင့် တိုးမြှင့်ခဲ့ပြီး၊ ရွေးကောက်ပွဲများကို စစ်ပွဲပြီးဆုံးသည်အထိ ရှေ့ဆိုင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွေးကောက်ပွဲများ ရှေ့ဆိုင်းခြင်းနည်းလမ်းကို ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက်၊ ကျင်းပမြဲအတိုင်းပင် ၁၉၄၄ ခုနှစ်၌ ကျင်းပခဲ့သည်။ နယူးဇီလန်နိုင်ငံသည် အစပိုင်းတွင် ယူနိုက်တက်ကင်းဒမ်း၏ ရွေးကောက်ပွဲများ ရှေ့ဆိုင်းခြင်းအတိုင်း လိုက်ပါဆုံးဖြတ်ခဲ့သော်လည်း၊ ပြည်သူလူထုနှင့် နိုင်ငံရေးတောင်းဆိုချက်များကြောင့် အထွေထွေရွေးကောက်ပွဲတစ်ခုကို ၁၉၄၃ ခုနှစ်တွင် ကျင်းပခဲ့ရသည်။ လက်တွေ့တွင် အခက်အခဲများရှိသော်လည်း ဒီမိုကရေစီနိုင်ငံများ အနေဖြင့် အဓိကစစ်ပွဲကြီးများအတွင်းတွင်ပင် ရွေးကောက်ပွဲများ ကျင်းပနိုင်ကြောင်း ဤဥပမာများက ပြသနေသည်။

# ၆။ မဏ္ဍိုင်သုံးရပ်အကြားအပြန်အလှန်ထိန်းကျောင်းစောင့်ကြပ်ခြင်း

အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုခြင်းမှ လစ်ဘရယ် ဒီမိုကရက်တစ် ဖွဲ့စည်းပုံအခြေခံဥပဒေများအား ကာကွယ်ရန် အထောက်အပံ့ဖြစ်စေနိုင်သည့် အပြန်အလှန်ထိန်းကျောင်း၊ စောင့်ကြပ်မှုအတွက် နည်းလမ်း ၂ သွယ်မှာ- (က) ဥပဒေပြုရေးမဏ္ဍိုင်၏ စောင့်ကြည့်ကြီးကြပ်မှု အားကောင်းလာစေရေးနှင့်၊ (ခ) တရားစီရင်ရေးမဏ္ဍိုင်နှင့် စတုတ္ထမဏ္ဍိုင် အင်စတီကျူးရှင်းများအနေဖြင့် အရေးပေါ်အခြေအနေ ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထူထောင်ထားသော အင်စတီကျူးရှင်းများ၏ သမာသမတ်ကျမှုကို ကာကွယ်ရန် စွမ်းဆောင်နိုင်ရေးတို့ ဖြစ်ပါသည်။

## ဥပဒေပြုရေးမဏ္ဍိုင်၏ ကြီးကြပ်မှုကို ခိုင်မာအားကောင်းစေခြင်း

ဥပဒေပြုမဏ္ဍိုင်များ (လွှတ်တော်များ) အနေဖြင့် အစည်းအဝေးကျင်းပနေစဉ်ကာလ မဟုတ်ပါက ၎င်းတို့၏စီစစ်ကြီးကြပ်ရေးအာဏာကို ကျင့်သုံးနိုင်ခြင်းမရှိပါ။ သို့ဖြစ်၍ အရေးပေါ်အခြေအနေတစ်ရပ် ကြေညာလိုက်ပါက ဥပဒေပြုရေးမဏ္ဍိုင်သည် အလိုအလျောက် အစည်းအဝေး ခေါ်ယူကျင်းပရန် စီစဉ်ခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် ယူကရိန်းပါလီမန်သည် အရေးပေါ်အခြေအနေ တစ်ရပ် ကြေညာပြီးနောက် ၂ ရက်အတွင်း အစည်းအဝေးခေါ်ယူ ကျင်းပရသည် (ပုဒ်မ ၈၃)။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်အခြေအနေကာလအတွင်း လွှတ်တော်အစည်းအဝေးဆက်လက်ကျင်းပရမည် (သို့မဟုတ်) အရေးပေါ်အခြေအနေ ကာလအတွင်း အုပ်ချုပ်ရေး/နိုင်ငံတော်အကြီးအကဲ၏ အစည်းအဝေးခေါ်ယူမှုကို စောင့်ဆိုင်းရန်မလိုဘဲ လွှတ်တော်အစည်းဝေးများ ကျင်းပခွင့်ပြုသည် (ဥပမာ- Vanuatu ဗန်နူအာတူနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၀)။

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အရေးပေါ်အခြေအနေများအတွင်း ကျင့်သုံးရန် ဥပဒေပြုရေးမဏ္ဍိုင်မှ စီစစ်ခြင်းနှင့် စောင့်ကြည့်ခြင်းများပြုလုပ်နိုင်ရန် အထူးယန္တရားများ ဖွဲ့စည်းနိုင်ရေး ပြဋ္ဌာန်းထားသည်။ ဥပမာအားဖြင့် ဘရာဇီးနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၄၀) တွင် 'ပါတီခေါင်းဆောင်များထံမှ ကြားနာမှုခံယူပြီးနောက် ကာကွယ်ရေးနှင့် ဝင်ထွက်ခွင့်ကန့်သတ်ခြင်းဆိုင်ရာ အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို စောင့်ကြည့်ရန်နှင့် ကြီးကြပ်ရန် အဖွဲ့ဝင် ၅ ဦးပါဝင်သည့် ကော်မတီတစ်ရပ်အား အမျိုးသားကွန်ဂရက် အမှုဆောင်ကော်မတီက

ဖွဲ့စည်းပေးရမည်’ ဟုဆိုသည်။ ထိုကဲ့သို့သော အရေးပေါ်ကော်မတီတစ်ရပ်သည် အရေးပေါ်အခြေအနေကြောင့် ဥပဒေပြုရေးမဏ္ဍိုင်၏ မျက်နှာစုံညီအစည်းအဝေး ကျင်းပနိုင်ခြင်းမရှိသည့် အခြေအနေမျိုးတွင် အသုံးဝင်သည့် အစားထိုးမှုတစ်ခုလည်း ဖြစ်သည်။ ဥပမာအားဖြင့် ဆွီဒင်နိုင်ငံတွင် တိုင်းပြည်ကျူးကျော်ခံရချိန်ဖြစ်နေစေကာမူ အလျှင်လိုသည့်ကိစ္စရပ်များကို လုပ်ဆောင်ရန် လွှတ်တော်အား ‘စစ်မက်ကိုယ်စားလှယ်အဖွဲ့ (war delegation)’ ဖွဲ့စည်းခွင့်ပြုထားသည်။

အရေးပေါ်အခြေအနေတစ်ရပ် သတ်မှတ်ရန် သို့မဟုတ် သက်တမ်းထပ်တိုးရန် အဆိုတစ်ခုကို အတည်ပြုနိုင်ရေးအတွက် အတိုက်အခံဘက်က သတ်မှတ်ထားသည့် ခေါင်းဆောင်တစ်ဦး၏ သဘောတူညီမှုလိုအပ်သည့် ပါလီမန်စနစ်များသည်လည်း ပိုမိုလုံခြုံစိတ်ချရသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးအပေးအယူများတွင် အလုံးစုံသဘောတူညီမှုရရှိစေရန် ချဲ့ထွင်ပေးပြီး တနည်းအားဖြင့် အများသဘောဆန္ဒဖြင့် ဆုံးဖြတ်နိုင်ခြင်းကို ဖြစ်ပေါ်စေသည်။ အချိုးကျရွေးကောက်ပွဲစနစ်မကျင့်သုံးသောကြောင့် အတိုက်အခံအရေအတွက် နည်းပါးသည့် အခြေအနေမျိုးတွင်လည်း ထိုစနစ်ကို အသုံးပြုသည်။ အရေးယူဆောင်ရွက်လိုသည့် ကိစ္စရပ်များကို အခြားသောပါတီများ၏ အလွတ်သဘောထောက်ခံမှုရရှိစေရန် ရည်ရွယ်၍ အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းဆိုင်ရာ အဆင့်မြင့် လျှို့ဝှက်အစည်းအဝေးများတွင် အတိုက်အခံခေါင်းဆောင်အား ဖိတ်ကြားမှုပြုနိုင်သည်။ အတိုက်အခံခေါင်းဆောင်အား လုပ်ငန်းပိုင်းရှင်းလင်းမှုပြုခြင်းသည် လေးစားသမှုနှင့် သဘောတူလက်ခံမှုရယူရန် ကိစ္စတစ်ရပ်သာ ဖြစ်သော်လည်း၊ အတိုက်အခံခေါင်းဆောင်အား အသိပေးခြင်းကို တာဝန်တစ်ခုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ထည့်သွင်းရန် ဖြစ်နိုင်ဖွယ်ရှိသည်။

## တရားစီရင်ရေးမဏ္ဍိုင်

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးပေါ်အခြေအနေများတွင် သာမန်ထက်ပိုမိုသည့် လုပ်ဆောင်ချက်များကို ခွင့်ပြုထားသော်လည်း တရားဥပဒေစိုးမိုးရေးနှင့် လျော်ညီသည့် လုပ်ဆောင်ချက်များ ဖြစ်ရန်လိုအပ်ပြီး၊ ၎င်းတို့၏တရားဝင်မှုသည် နိုင်ငံတကာဥပဒေနှင့်အညီဖြစ်ကာ တရားရုံးများတွင် စစ်ဆေးခံနိုင်ရမည်။ အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် (က) အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခြင်း သို့မဟုတ် သက်တမ်းတိုးခြင်း၊ (ခ) အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ကျင့်သုံးခြင်းတို့နှင့်စပ်လျဉ်း၍ တရားစီရင်ရေးမဏ္ဍိုင်မှ ပြန်လည်သုံးသပ်ခြင်းကို ကျင့်သုံးရန် ဖော်ပြထားသည်။

- ဥပမာဆိုရသော် ကင်ညာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၅၈) တွင် တရားလွှတ်တော်ချုပ်သည် (က) အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်း၊ (ခ) အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်းအား သက်တမ်းတိုးခြင်းနှင့် (ဂ) အရေးပေါ်အခြေအနေ တစ်ရပ် ကြေညာခြင်း သို့မဟုတ် အရေးပေါ် ဥပဒေပြုပြဋ္ဌာန်းခြင်းတို့ကြောင့် ပေါ်ပေါက်လာသော နောက်ဆက်တွဲအရေးယူဆောင်ရွက်ချက်တို့၏ တရားဝင်မှုရှိခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရန် ခွင့်ပြုထားသည်။

- ဆလိုဗက်ကီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၂၉) တွင် 'နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်းနှင့် စပ်လျဉ်း သောဆုံးဖြတ်ချက်တစ်ခု၊ၦင်းဆုံးဖြတ်ချက်နှင့်သက်ဆိုင်သောအခြားဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေများနှင့် ညီညွတ်မှုရှိမရှိကို ဆုံးဖြတ်ရမည်'ဟု ဖော်ပြထားသည်။
- တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပေါ်အခြေအနေ တစ်ရပ် ကြေညာခြင်း (ပုဒ်မ ၃၇.၃(က)) နှင့် ဆက်စပ်သက်တမ်းတိုးခြင်း (ပုဒ်မ ၃၂.၃(ခ)) တို့ကို တရားစီရင်ရေးမဏ္ဍိုင်မှ ပြန်လည်သုံးသပ်ခြင်းကို ခွင့်ပြုသည်။
- ပြင်သစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၆) တွင် အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ဆက်လက်ထားရှိရန် လိုအပ်သည့် အခြေအနေရှိမရှိကို လွှတ်တော် ကိုယ်စားလှယ် ၁၀ ရာခိုင်နှုန်း၏ တောင်းဆိုမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီ က ဆုံးဖြတ်ခွင့်ပြုသည်။

သို့သော် အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ အလွဲသုံးစားပြုခြင်းအား ကာကွယ်နိုင်ရန် တရားစီရင်ရေးမဏ္ဍိုင်မှ ပြန်လည်သုံးသပ်ခြင်းသည် အမြဲတစေလုံလောက်မှုမရှိပေ။ လက်ဆုပ်လက်ကိုင် သက်သေမပြနိုင်သည့် အခွင့်အရေးချိုးဖောက်မှုများကို အမိဖမ်းနိုင်ရန်မှာ အချိန်အတိုင်းအတာ တစ်ခုယူရန်လိုပြီး နေးကွေးရှုပ်ထွေးသည့် ဖြစ်စဉ်တစ်ခုဖြစ်လေ့ရှိသည်။ ထို့အပြင် တရားသူကြီးများသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေသောသူများဖြစ်သည့်အပြင် အုပ်ချုပ်ရေး မဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်အဖွဲ့ဝင်များနှင့် နီးနီးကပ်ကပ်ရှိသော အထက်တန်းလွှာတစ်ခုပင် ဖြစ် သည်။ တရားသူကြီးများသည် လုပ်ရိုးလုပ်စဉ် မဟုတ်သည့်အတွက်ကြောင့်လည်းကောင်း၊ တိုက် တွန်းချက်ကြောင့်လည်းကောင်း အရေးပေါ်အခြေအနေ ကာလများကို အုပ်ချုပ်ရေးမဏ္ဍိုင်သို့သာ လွှဲပြောင်းပေးလေ့ရှိသည် (Posner and Vermeule 2007; Sagar 2016)။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်စပ်လျဉ်းသည့် တားမြစ်ကန့်သတ်ချက်များ

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အရေးပေါ်အခြေအနေများအတွင်း ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ဆင်ခြင်းကို တားမြစ်ထားသည်။ မော်ဒိုဗာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၄၂) တွင် 'နိုင်ငံတော်အရေးပေါ်အခြေအနေ၊ စစ်အုပ်ချုပ်ရေးဥပဒေ သို့မဟုတ် စစ်ပွဲကာလ အောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခွင့်မရှိ' ဟု ပြဋ္ဌာန်းထားသည်။ မွန်တီနီဂရိုးနိုင်ငံ၏ အခြေခံဥပဒေ (ပုဒ်မ ၁၅၆) တွင် 'စစ်မက်ဖြစ်ပွားချိန်နှင့် အရေးပေါ်အခြေအနေကာလအတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအား မပြုလုပ်ရ' ဟု ဖော်ပြထားသည်။

ထိုကဲ့သို့ တားမြစ်ရခြင်း၏ နောက်ကွယ်မှ အကြောင်း ၄ ချက်မှာ- (က) အရေးပေါ် အခြေအနေ တစ်ရပ်အတွင်းတွင် လက်ရှိကြုံတွေ့နေရသည့် အကြောက်တရားများနှင့် စိုးရိမ်မှုများကြောင့်

ရေရှည်တွင် ဒီမိုကရေစီကို ခြိမ်းခြောက်လာနိုင်သည့် ကိစ္စရပ်များကို လစ်လျူရှု၍ အလျင်စလို ဆုံးဖြတ်ချက်ချခြင်း၊ (ခ) အရေးပေါ်အခြေအနေကာလအတွင်း အုပ်ချုပ်ရေးအာဏာများ ပိုမိုရရှိလာခြင်းနှင့် အခွင့်အရေးများကို ကန့်သတ်ထားခြင်းတို့ကြောင့် အစိုးရအနေဖြင့် ဖွဲ့စည်းပုံပြင်ဆင်ရေး လုပ်ငန်းစဉ်တွင် မတရားလွှမ်းမိုးလာနိုင်ခြင်း၊ (ဂ) အချို့သောအချိန်များတွင် ဖွဲ့စည်းပုံပြင်ဆင်ရေး လုပ်ငန်းစဉ်၌ ပြည်သူလူထုထောက်ခံမှုရှိမရှိ ဖော်ပြခွင့်ရစေရန် အထွေထွေရွေးကောက်ပွဲ သို့မဟုတ် ဆန္ဒခံယူပွဲတစ်ခု ကျင်းပပေးရန် လိုအပ်ခြင်းနှင့်၊ အရေးပေါ်အခြေအနေကာလအတွင်းတွင် ထိုသို့ စီစဉ်နိုင်ရန် အခက်အခဲရှိခြင်း၊ (ဃ) အရေးပေါ်အခြေအနေကာလ အသက်ဝင်နေစဉ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်သည့် အရေးပေါ်အခြေအနေဆိုင်ရာ စည်းမျဉ်းများ (အသက်ဝင် သက်ရောက်မှုများ၊ ကာလသတ်မှတ်ချက်နှင့် လုံခြုံရေး) ပြောင်းလဲပြင်ဆင်ခြင်းကို တားမြစ်ခြင်းအားဖြင့် အရေးပေါ်အခြေအနေကာလ ဆက်လက်သက်တမ်းတိုးခြင်းကို တားမြစ်နိုင်မည်ဖြစ်ပြီး၊ ထိုသို့မဟုတ်ပါက အာဏာအလွဲသုံးစားမှုပြုမည့်လမ်းကြောင်းကို ဦးတည်စေနိုင်သည်။

# ၇။ ငရဲခံမြေခံအခြေအနေများနှင့်စပ်လျဉ်းသော ထည့်သွင်းစဉ်းစားချက်များ

## လူနည်းစုအခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ သဘောထားကွဲသော လူ့အဖွဲ့အစည်းများနှင့် ဖက်ဒရယ်ရေးရာ အပေးအယူများ

ရိုးသားမှုမရှိသည့် အစိုးရများသည် လူနည်းစုများ၏ အခွင့်အရေးများကို ချိုးဖောက်ရန်အလို့ငှာ အရေးပေါ်အခြေအနေ ထုတ်ပြန်ခြင်းအား အမြတ်ထုတ်အသုံးချခဲ့ခြင်းများ အတိတ်ကာလတွင် ရှိခဲ့သည်။ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းမဟုတ်သော်လည်း အရေးပေါ်အခြေအနေ ကာလတစ်ခုအတွင်း အချို့သော အခွင့်အရေးများကိုကန့်သတ်ခြင်း သို့မဟုတ် အချို့သောလုပ်ပိုင်ခွင့်အာဏာများကို ဗဟိုချုပ်ကိုင်မှုပြုခြင်းသည် လူနည်းစုအုပ်စုများ သို့မဟုတ် လူမှုအသိုက်အဝန်းမှ ဖယ်ကြဉ်ခံအုပ်စုများအပေါ် မျှတမှုမရှိသည့်သက်ရောက်မှု ဖြစ်ပေါ်နိုင်သည်။

ထို့အပြင် ဗဟုလူ့အဖွဲ့အစည်းတစ်ခုတွင် လူနည်းစုအုပ်စုများ ပါဝင်ခွင့်ရှိစေရေးနှင့် အကာအကွယ်ပေးရေးအတွက် အချို့သောအခွင့်အရေးများကို (ဥပမာ- ဘာသာစကား အခွင့်အရေးများ သို့မဟုတ် ကိုယ်ပိုင်ယဉ်ကျေးမှုအခွင့်အရေးများ) ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲစဉ်ကာလအတွင်း ဂရုပြုညှိနှိုင်းရမည်။ အဆိုပါအခွင့်အရေးများကို ဆိုင်းငံ့ထားခြင်းသည် ညှိနှိုင်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သဘောတူညီမှုများကို တဖြည်းဖြည်းယုတ်လျော့စေနိုင်ပြီး၊ ပြည်သူလူထုအနေဖြင့် လက်ခံထားသည့် နိုင်ငံ၏တရားဝင်ဖြစ်မှုကို ထိခိုက်စေသည်။

အလားတူပင် ဖက်ဒရယ်စနစ်၊ နယ်မြေအပိုင်းအခြားအလိုက် သို့မဟုတ် အောက်ခြေသို့အာဏာခွဲဝေပေးသည့် အစိုးရစနစ်များတွင် အရေးပေါ်အခြေအနေတစ်ရပ်ကို တုံ့ပြန်ဆောင်ရွက်ရန် တစ်ပြည်ထောင်စနစ်သို့ ခေတ္တကူးပြောင်းခြင်းကို ခွင့်ပြုသည့် ပြဋ္ဌာန်းချက်သည် လွန်စွာအရေးကြီးသည့် နိုင်ငံရေးသဘောတူညီမှုအပေါ် အမှီသဟဲပြုနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အားနည်းစေနိုင်သည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးစု၊ ဘာသာစကား၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာတရား ကိုးကွယ်မှုဆိုင်ရာ လူနည်းစုများကို ကာကွယ်ရန်၊ သို့မဟုတ် တိုင်းဒေသနှင့်ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တည်တံ့စေရန်အတွက် လုံခြုံရေးအစီအမံများ ပိုမိုလိုအပ်နိုင်သည်။ လူနည်းစုများနှင့် လူများစုအုပ်စုတို့အကြား၊ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်နှင့် ဗဟို/ဖက်ဒရယ်အစိုးရ အာဏာ

ပိုင်များအကြား ယုံကြည်မှုအလွယ်တကူ ပျက်စီးနိုင်သည့် အခြေအနေမျိုးတွင် အထူးလိုအပ်သည်။ ဥပမာအားဖြင့် ထိုကဲ့သို့သော လုံခြုံရေးအစီအမံများတွင် ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်သည့်စာပိုဒ်များ၊ လူနည်းစု အကာအကွယ်ပေးရေးစာပိုဒ်များ၊ သို့မဟုတ် ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်အခွင့်အရေးများကို ဆိုင်းငံ့ခြင်း သို့မဟုတ် တားမြစ်ခြင်းမပြုနိုင်သည့် အပြည့်အဝအခွင့်အရေးများအဖြစ် ထည့်သွင်းနိုင်သည်။ တစ်ခြားတစ်ဖက်တွင်လည်း အရေးပေါ်အခြေအနေ ခွင့်ပြုရန်အတွက် ပြည်နယ်၊ ဒေသနှင့် တိုင်းဒေသကြီး တရားစီရင်ပိုင်ခွင့်ရှိသော နယ်မြေဆိုင်ရာ ဥပဒေပြုမဏ္ဍိုင်၏ သဘောတူညီချက် လိုအပ်ပေမည်။

## သာမန်နိုင်ငံရေးစနစ်ရှိ ဗီတိုအာဏာရှိသူ အရေအတွက်

ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သမရိုးကျနိုင်ငံရေးဖြစ်စဉ်များ၌ ပါဝင်သည့် ဗီတိုအာဏာရှိသူဦးရေ ကွဲပြားကြသည်။ မူဝါဒများပြုပြင်ပြောင်းလဲခြင်းကို လက်ခံရန်မတူညီသည့် ပါဝင်ဆောင်ရွက်သူများ၊ ပါတီများ သို့မဟုတ် အဖွဲ့အစည်းများ မည်မျှလိုအပ်သည်ကို ဆိုလိုသည်။ ယေဘုယျအားဖြင့် လူအများစုနှင့် ဗဟိုချုပ်ကိုင်မှုဖြင့် ဆုံးဖြတ်ချက်ချရန် ဖွဲ့စည်းတည်ဆောက်ထားသည့် (ဗီတိုအာဏာသုံးသူ အနည်းအကျဉ်းသာရှိ) သော နိုင်ငံတစ်နိုင်ငံသည် အာဏာမျှဝေကျင့်သုံးပြီး ဗဟိုချုပ်ကိုင်မှုလျော့နည်းသည့် နိုင်ငံတစ်နိုင်ငံ (ဗီတိုအာဏာသုံးသူ အနည်းအများအပြားရှိ) သောနိုင်ငံနှင့် နှိုင်းယှဉ်ပါက ထိရောက်မှုရှိသည့် တုံ့ပြန်ဆောင်ရွက်မှုကို လုပ်ဆောင်ရန်အတွက် အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ထပ်မံလိုအပ်မှု နည်းပါးနိုင်ခြေရှိပါသည်။ သို့သော်လည်း ဆုံးဖြတ်ချက်ချမှတ် သည့်လုပ်ငန်းစဉ်တွင် ဗီတိုအာဏာသုံးသူဦးရေ အနည်းငယ်သာ ပါရှိသည့် နိုင်ငံတစ်နိုင်ငံသည် အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ အလွဲသုံးစားပြုခြင်းအားတားဆီးနိုင်ရန်အတွက် သာလွန်ကောင်းမွန်သည့် လုံခြုံရေးအစီအမံများ လိုအပ်ချက်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သည့်နိုင်ငံထက် ပိုမိုလိုအပ်သည်။

## ပါတီနိုင်ငံရေး၊ နိုင်ငံရေးယဉ်ကျေးမှုနှင့် အင်စတီကျူးရှင်းဆိုင်ရာ ထိတွေ့သက်ရောက်မှုများ

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများအနေဖြင့် တရားဝင်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းများသည် ပါတီနိုင်ငံရေးများ၊ နိုင်ငံရေးယဉ်ကျေးမှုများ၊ နိုင်ငံနှင့် လူ့အဖွဲ့အစည်းအတွင်း အမှန်စင်စစ် အာဏာခွဲဝေမှုများနှင့် မည်သို့ အပြန်အလှန် အကျိုးသက်ရောက်မှုရှိသည်၊ မည်သို့ ဆက်စပ်မှုရှိသည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဥပမာအနေဖြင့် ဥပဒေပြုလွှတ်တော်သည် အုပ်ချုပ်ရေးမဏ္ဍိုင်၏ လက်အောက်ငယ်သား ဖြစ်နေပါက ၎င်း၏ အတည်ပြုချက်သည် အလိုအလျောက် ခွင့်ပြုချက်ရလုနီးပါးဖြစ်သောကြောင့် အရေးပေါ်အခြေအနေတစ်ခုကို ကြေညာရာတွင် ၎င်း လွှတ်တော်၏ ဥပဒေအရ သဘောတူညီချက်မှာ အဓိပ္ပါယ်မရှိသလောက် နီးပါးဖြစ်သည်။ ဤကဲ့သို့သော ကိစ္စရပ်များတွင် သာလွန်လူများစု (super-majority) ၏ ထောက်ခံချက် (သာမန် လူများစု အချိုးအစားထက် ပိုသော) ကို လိုအပ်ခြင်းသည် အာဏာအလွဲသုံးစားပြုမှုကို ဟန့်တားနိုင်မည်ဖြစ်

သည်။ သို့သော် ဤသို့ဟန့်တားနိုင်ရန်မှာ အာဏာပိုင်လူများစုအရ တစ်ဖက်သတ် ဆုံးဖြတ်ချက်များကို ပိတ်ပင်နိုင်သော ထိရောက်သည့် အတိုက်အခံပါတီတစ်ခု ရှိနေမှသာလျှင် ဖြစ်နိုင်ပေသည်။

အလားတူပင် အရေးပေါ်အာဏာများ အလွဲသုံးစားပြုမှုအား ချုပ်ထိန်းရန် တရားရေးလုပ်ထုံးလုပ်နည်းများ၏ ထိရောက်မှုသည် တရားစီရင်ရေး အဖွဲ့၏ ကျွမ်းကျင်မှု၊ လက်လှမ်းမှီမှု၊ အချုပ်အချယ်ကင်းခြင်းနှင့် တည်ကြည်ဖြောင့်မတ်မှုတို့ပေါ်တွင်သာမက အဆိုပါ တရားသူကြီးများ၏ ဒီမိုကရေစီအင်စတီကျူးရှင်းများတွင် ယုံကြည်သက်ဝင်မှုအပေါ်တွင်လည်း မူတည်နေသည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် အရေးပေါ်အခြေအနေနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းသောအခါ နိုင်ငံ၏ လက်ရှိအခြေအနေများကို သေချာဂရုစိုက်၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အပိုင်း (၈) တွင် ဖော်ပြထားသကဲ့သို့ပင် တောင်အာဖရိကနှင့် ကင်ညာနိုင်ငံတို့၏ နိုင်ငံတော်အရေးပေါ်အခြေအနေနှင့် ပတ်သက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ စည်းမျဉ်းများသည်' - 'ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ရေးဆွဲပုံများနှင့် ထိုဥပဒေများအား အခြားဆက်စပ်နေသော အခြေအနေများတွင် ကျင့်သုံးမှုများကို တုပယှဉ်ပြိုင်ခြင်း' ကို ထင်ဟပ်နေကြပြီး ထူးခြားထင်ရှားစွာ ဆင်တူနေကြသည်။ သို့သော် ဤနှစ်နိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ၊ အင်စတီကျူးရှင်းဆိုင်ရာ အခြေအနေများသည် အလွန်ကွဲပြားခြားနားကြသည့်အတွက် စည်းမျဉ်းများမှာ ဆင်တူသော်လည်း ၎င်းတို့အား မတူညီသောနည်းလမ်းများဖြင့် အသုံးချကြဖွယ်ရာရှိသည်။ တောင်အာဖရိကနိုင်ငံတွင် ကြီခိုင်ညီညွတ်ကျစ်လစ်သော အင်အားကြီးသည့် ပါတီစနစ်တစ်ခုရှိပြီး ၁၉၉၀ ပြည့်နှစ်ကတည်းကပင် အာဖရိကန်အမျိုးသားပါတီသည် အင်အားကြီးသော ပါတီအဖြစ် တည်ရှိနေပေသည်။ ၎င်းတွင် အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ဥပဒေပြုရေးအဖွဲ့မှ ရွေးကောက်ဆင်းသက်ပြီး ၎င်းအဖွဲ့အတွက် တာဝန်ရှိသူဖြစ်သော ပါလီမန်ပုံစံ အစိုးရစနစ်တစ်ခုရှိသည်။ ကင်ညာနိုင်ငံတွင်မူ သီးခြားဖြစ်သော ဥပဒေပြုလွှတ်တော်တစ်ခုနှင့် သမ္မတကြားတွင် အဖွဲ့အစည်းဆိုင်ရာ အာဏာခွဲခြားခြင်းများ ရှိရုံသာမက လူမျိုးရေးဆိုင်ရာများအား အခြေပြု၍ ယာယီညွှန့်ပေါင်းအဖွဲ့များအဖြစ် ဖွဲ့စည်းထားသော ကွဲပြားခြားနားသည့် ပုဂ္ဂိုလ်ရေးအရ သင်းကွဲအုပ်စုပေါင်းများစွာဖြင့် ရှုပ်ထွေးသော၊ ကျစ်လစ်မှုမရှိသော၊ ပါတီပေါင်းစုံ စနစ်တစ်ခုလည်း ရှိသေးသည်။ ဤသို့ နိုင်ငံရေးအရ ကွဲပြားခြားနားသော အခြေအနေများ ရှိနေခြင်းကြောင့် ဆင်တူသော စည်းမျဉ်းများကို ကွဲပြားခြားနားသော နည်းလမ်းများဖြင့် အသုံးချခံရနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် အရေးပေါ်အာဏာများနှင့်ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များသည် အရေးပါသော်လည်း ကိုယ်စားပြုစနစ် အလုံးစုံကို တိုးတက်ကောင်းမွန်လာစေမည့် နိုင်ငံရေး အာဏာများ ညီမျှစေရေးအတွက် စောင့်ကြည့်ရေး စဉ်းမျဉ်းစည်းကမ်းများကို ပိုမိုအားကောင်းစေသော သို့မဟုတ် အများပြည်သူနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အစိုးရအပေါ်တွင် ထိန်းချုပ်နိုင်မည့် နည်းယန္တရားများရှိစေရန် အာမခံနိုင်မည့် ပြုပြင်ပြောင်းလဲမှုများအပေါ် အလေးပေးရန်မှာ ပို၍ပင် အရေးပါလှပေသည်။ အရေးအကြီးဆုံးကိုဆိုရလျှင် ဒီမိုကရေစီဝါဒ၏ တန်ဖိုး အနှစ်သာရများ

ကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် ခိုင်မာနက်ရှိုင်းလာစေရန် ရည်ရွယ်သည့် ကြိုးပမ်းအားထုတ်မှုများ အား ထည့်သွင်းစဉ်းစားပေးရန် ပင် ဖြစ်သည်။

## ခြိမ်းခြောက်မှုများ

အရေးပေါ် အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များသည် နိုင်ငံတစ်ခု ပိုမိုတွေ့ကြုံနိုင်သည့် ခြိမ်း ခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက်သာ မျှော်မှန်းသင့်သည်။ ဥပမာအနေဖြင့် ၎င်းသည် ငလျင်နယ်မြေတစ်ခုအတွင်း တည်ရှိနေသလား၊ သို့မဟုတ် ၎င်းတွင် မီးတောင်အရှင်များ ရှိနေ သလား၊ သို့မဟုတ် ၎င်းတွင် ဆူနာမီများ ဖြစ်လေ့ရှိသလား။ နယ်မြေအချို့တွင် လက်ရှိဖြစ်ပွားနေသော ပြင်းထန်မှုသိပ်မရှိသည့် ပဋ္ဌိပက္ခများ ရှိနေပါသလား။ တရားမဝင် ဆေးခြောက်ကုန်သွယ်မှုနှင့် ပတ်သက်သည့် အကြမ်းဖက်မှု ပြဿနာများ အမြစ်တွယ်ပေါ်ပေါက်နေပါသလား။ နိုင်ငံ၏ နယ်မြေ များတွင် ပြည်တွင်းအကြမ်းဖက်မှုများ သို့မဟုတ် လူထုအုံ့ကြွမှုများ ဖြစ်လေ့ရှိပါသလား။

# ၈။ ဥပဒေများ

ဇယား (၈.၁)။ အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အာဖကန်နစ္စတန်နိုင်ငံ

| | |
|---|---|
| **မည်သူသည် နိုင်ငံတော်၏ အရေးပေါ်ကာလကို ထုတ်ပြန်ကြေညာခွင့် ရှိသနည်း။** | သမ္မတသည် နိုင်ငံတော်၏ အရေးပေါ်အခြေအနေတစ်ရပ်ကို 'ပြည်ထောင်စုလွှတ်တော်၏ ထောက်ခံချက်ဖြင့်' ကြေညာသည်။ (ပုဒ်မ ၆၄) |
| **မည်သည့် အခြေအနေမျိုးကို အရေးပေါ်ကာလဟု ကြေညာနိုင်ပါသနည်း။** | 'စစ်ပွဲ၊ စစ်ပွဲအန္တရာယ်၊ ပြင်းထန်သော ပုန်ကန်မှု၊ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် အလားတူသော အခြေအနေများကြောင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးအား ကာကွယ်ရန် မဖြစ်နိုင်တော့သည့် အခါတွင်။' (ပုဒ်မ ၁၄၃) |
| **ဥပဒေပြုရေးမဏ္ဍိုင်မှ အတည်ပြုခြင်း စည်းမျဉ်းများ** | အရေးပေါ် အခြေအနေအား မကြေညာမီ ပြည်ထောင်စုလွှတ်တော် နှစ်ရပ်လုံး၏ ကြိုတင်တရားဝင် ကြေညာခွင့်ပြုချက်ကို လိုအပ်သည်။ သို့သော် သာလွန်အများစု၏ ထောက်ခံမှု(super-majority) နှင့် ပတ်သက်သော လိုအပ်ချက်များအား ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိပေ။ |
| **အရေးပေါ်ကာလ၏ အချိန်ကာလ ကန့်သတ်ချက်များနှင့် ကာလသက်တမ်းတိုးမြှင့်ခြင်း** | နိုင်ငံတော်၏ အရေးပေါ်ကာလသည် (၂) လထက်ပိုပါက အချိန်သက်တမ်းတိုးရန်အတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် လိုအပ်သည်။ |
| **အရေးပေါ်ကာလအတွင်း လူ့အခွင့်အရေးများအပေါ် ကန့်သတ်ချက်များ** | 'နိုင်ငံတော်၏ အရေးပေါ် အခြေအနေအတွင်းတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌများနှင့် တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်၏ ခွင့်ပြုချက်ရရှိပြီးနောက် သမ္မတသည် အောက်ဖော်ပြပါ အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့် ပက်သက်ပြီး တရားဝင်ဖြစ်မှုကိုဆိုင်းငံ့ထားခြင်း သို့မဟုတ် ထိုပြဋ္ဌာန်းချက်များအပေါ်၌ အကန့်အသတ်များ ထားရှိနိုင်သည်။' ၁။ အာဏာရှင်ဆန်သော တဖက်သတ် ဖမ်းဆီးချုပ်နှောင်ခြင်းမှ ကင်းဝေးခြင်း။ ၂။ စုဝေးခြင်းနှင့် ဆန္ဒပြခြင်းဆိုင်ရာ အခွင့်အရေး။ ၃။ ကိုယ်ရေးကိစ္စ ဆက်သွယ်ခြင်းများအား ဝင်ရောက်စွက်ဖက်ခြင်း၊ တားဆီးခြင်းမှ ကင်းဝေးခြင်း။ ၄။ ရုံးမိန့်မပါဘဲ နေအိမ် (သို့) တခြားနေရာထိုင်ခင်းတစ်ခုကို ဝင်ရောက်စီးနင်းခြင်း သို့မဟုတ် ရှာဖွေခြင်းမှ တားမြစ်ခြင်း။ |

| | |
|---|---|
| **အရေးပေါ်ကာလ အတွင်း အာဏာများ ခွဲဝေသတ်မှတ်ခြင်း** | 'နိုင်ငံတော်၏ အရေးပေါ် အခြေအနေအတွင်းတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ဥက္ကဋ္ဌများနှင့် တရားလွှတ်တော်ချုပ်၏ တရားသူကြီးချုပ်တို့နှင့် ဆွေးနွေးညှိနှိုင်းပြီး သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ အာဏာအချို့ကို အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးနိုင်သည်။' (ပုဒ်မ ၁၄၄) |
| **အရေးပေါ်ကာလအတွင်း ရွေးကောက်ပွဲများအား ဆိုင်းငံ့ခြင်း** | 'သမ္မတ ၏ ရာထူးသက်တမ်း (သို့) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုရေးသက်တမ်းသည် နိုင်ငံတော်၏ အရေးပေါ် အခြေအနေအတွင်းတွင် သက်တမ်းကုန်ဆုံးသွားပါက အထွေထွေရွေးကောက်ပွဲများ ကျင်းပရေးကို ဆိုင်းငံ့ထားရမည်ဖြစ်ပြီး သမ္မတ၏ ရာထူးသက်တမ်းနှင့် ဥပဒေပြုရေးသက်တမ်းများအား (၄) လအထိ တိုးမြှင့်ရမည်ဖြစ်သည်။ အကယ်၍ နိုင်ငံတော်၏ အရေးပေါ်အခြေအနေသည် (၄) လအား ကျော်လွန်၍ ဆက်လက် ဖြစ်ပွားနေပါက သမ္မတသည် Loya jirga (ပြည်ထောင်စုလွှတ်တော် အဖွဲ့ဝင်များနှင့် ဒေသခံကောင်စီ ဥက္ကဋ္ဌများ ပါဝင်သည့် အထူးလွှတ်တော်တစ်ခု) ကို ကျင်းပရမည်ဖြစ်သည်။ နိုင်ငံတော်၏ အရေးပေါ် အခြေအနေ ရပ်စဲပြီး နှစ်လအတွင်းတွင် ရွေးကောက်ပွဲများကို ကျင်းပရမည်ဖြစ်သည်။' (ပုဒ်မ ၁၄၇) |
| **အခြား ထင်မြင်သုံးသပ်ချက်များ** | နိုင်ငံတော်၏ အရေးပေါ်အခြေအနေတစ်ခုအတွင်းတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ပိုင်ခွင့် မရှိ။ (ပုဒ်မ ၁၄၆) |

## ဇယား (၈.၂)။ အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အက်စ်တိုနီးယားနိုင်ငံ

| | |
|---|---|
| **မည်သူသည် နိုင်ငံတော်၏ အရေးပေါ်ကာလကို ထုတ်ပြန်ကြေညာခွင့် ရှိသနည်း။** | သမ္မတနှင့် အစိုးရသည် အရေးပေါ် အခြေအနေတစ်ခုအတွက် တရားဝင်ကြေညာချက် ထုတ်ပြန်ရန် လွှတ်တော်သို့ အဆိုပြုနိုင်သည်။ (ပုဒ်မ ၇၈၊ ၁၂၉) သို့သော်လည်း တရားဝင်ကြေညာရန် ဆုံးဖြတ်ချက်မှာမူ လွှတ်တော်၏ လက်ဝယ်တွင် ရှိပေသည်။ (ပုဒ်မ ၆၅) ဤသည်မှာ တရားဝင် မကြေညာခင် ဥပဒေပြုရေးမဏ္ဍိုင်မှ သဘောတူညီချက် ရယူရသည့် ဥပမာတစ်ခု ဖြစ်သည်။ |
| **မည်သည့် အခြေအနေ မျိုးကို နိုင်ငံတော်၏ အရေးပေါ်ကာလဟု ကြေညာနိုင်ပါ သနည်း။** | 'အက်စ်တိုနီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဩဇာအာဏာကို ခြိမ်းခြောက်လာနိုင်သည့် ကိစ္စရပ်'မျိုးတွင် အရေးပေါ် အခြေအနေ တစ်ရပ်အဖြစ် ကြေညာနိုင်သည်။ 'သဘာဝ ဘေးအန္တရာယ်တစ်ခု သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသည့် ကပ်ဘေးတစ်ခု သို့မဟုတ် ကူးစက်နိုင်သော ရောဂါတစ်ခု ပြန့်ပွားကူးစက်ခြင်းမှ ဟန့်တားရမည့် ကိစ္စရပ်' များတွင် အစိုးရသည်လည်း 'အရေးပေါ်အခြေအနေ' တစ်ခုကို တရားဝင် ကြေညာနိုင်သည်။ (ပုဒ်မ ၈၇) |
| **ဥပဒေပြုရေးမဏ္ဍိုင်မှ အတည်ပြုခြင်း စည်းမျဉ်းများ** | တရားဝင် မကြေညာခင် လွှတ်တော်ကိုယ်စားလှယ် အများစု၏ သဘောတူညီချက် လိုအပ်သည်။ (ပုဒ်မ ၁၂၉) |

| | |
|---|---|
| **အရေးပေါ်ကာလ၏ အချိန်ကာလ ကန့်သတ်ချက်များနှင့် ကာလ သက်တမ်းတိုးခြင်း** | နိုင်ငံတော်၏ အရေးပေါ်အခြေအနေကို (၃)လ အထိ ကြေညာနိုင်သည်။ (ပုဒ်မ ၁၂၉) |
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း လူ့အခွင့်အရေးများ အပေါ် ကန့်သတ်ချက်များ** | 'နိုင်ငံတော်၏ အရေးပေါ် အခြေအနေတစ်ခု သို့မဟုတ် စစ်ပွဲကာလ တစ်ခု အတွင်းတွင် လူတစ်ဦးတစ်ယောက်ချင်းစီ၏ လူ့အခွင့်အရေး များနှင့် လွတ်လပ်မှုများအား ကန့်သတ်ခံရနိုင်သည်။ ဥပဒေအရ ပြဋ္ဌာန်း ထားသော အခြေအနေများ၊ လုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော် လုံခြုံရေး၊ အများပြည်သူ ငြိမ်ဝပ်ပိပြားရေး တို့အတွက် နိုင်ငံတော်မှ ပြည်သူ တစ်ဦးတစ်ယောက်ချင်းစီအား သက်ဆိုင်ရာ တာဝန်များ ပေးအပ်ခွင့် ရှိသည်။' (ပုဒ်မ ၁၃၀) |
| **အာမခံထားသော၊ သေချာပေါက်ရရှိနိုင်သော လူ့အခွင့်အရေးများ** | ပုဒ်မ ၁၃၀ အရ အောက်ဖော်ပြပါ လူ့အခွင့်အရေးများအား အရေးပေါ် ပြဋ္ဌာန်းချက်တစ်ခုဖြင့် ကန့်သတ်ထားခွင့်မရှိပါ။ နိုင်ငံသား အခွင့်အရေး များ (ပုဒ်မ ၈)၊ အခွင့်အရေးများအပေါ် ကန့်သတ်ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီဖြစ်ရမည်ဖြစ်ပြီး ဒီမိုကရေစီ အသိုက်အဝန်း အတွက် လိုအပ်သည်ဟု ယူဆနိုင်သောအခါ (ပုဒ်မ ၁၁)၊ ဥပဒေအရ တရားမျှတမှုနှင့် ခွဲခြားဆက်ဆံခြင်းမှ လွတ်ကင်းမှု (ပုဒ်မ ၁၂)၊ တရားဥပဒေဆိုင်ရာ အကာအကွယ် ရရှိပိုင်ခွင့် အခွင့်အရေး (ပုဒ်မ ၁၃ နှင့် ၁၄)၊ တရားရုံးများအား လက်လမ်းမှီနိုင်ရေး အခွင့်အရေး (ပုဒ်မ ၁၅)၊ အသက်ရှင်သန်ပိုင်ခွင့် အခွင့်အရေး (ပုဒ်မ ၁၆)၊ မိမိ ဂုဏ်သိက္ခာ နှင့် ဂုဏ်သတင်း ထိပါးနှောက်ယှက်မှု မှ ကာကွယ်နိုင်သည့် အခွင့် အရေး (ပုဒ်မ ၁၇)၊ ညှင်းပန်းနှိပ်စက်မှု သို့မဟုတ် အရှက်ရစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု မှ ကင်းလွတ်စေလိုသည့် အခွင့် အရေး (ပုဒ်မ ၁၈)၊ကြွေးမြီအတွက် ထောင်ချခံရခြင်းမှ လွတ်ကင်းမှု (ပုဒ်မ ၂၀၊ အပိုဒ် ၃)၊ သက်သေ အတိအကျ မရှိသရွေ့ အပြစ်ကင်းစင် သည်ဟု မှတ်ယူနိုင်မှု(ပုဒ်မ ၂၂)၊ နောက်ကြောင်းပြန် အကျိုး သက်ရောက်မှုရှိသော ဥပဒေများကို တားမြစ်ခြင်း (ပုဒ်မ ၂၃)၊ အများ ပြည်သူ တရားမျှတမှု အခွင့်အရေး (ပုဒ်မ ၂၄၊ အပိုဒ် ၂ နှင့် ၄) ၊ ဥပဒေနှင့်ဆန့်ကျင်သော အပြုအမူများကြောင့် ပျက်စီးဆုံးရှုံးရခြင်းများ အတွက် နစ်နာကြေး အခွင့်အရေး (ပုဒ်မ ၂၅)၊ မိသားစုနှင့် ခင်ပွန်း(သို့) ဇနီး အခွင့်အရေးများ (ပုဒ်မ ၂၇)၊ ကျန်းမာရေး၊ လူမှုလုံခြုံရေး၊ လူမှု ဖူလုံရေး၊ မိသားစုနှင့် မသန်စွမ်းသူဆိုင်ရာ ထောက်ပံ့ကြေးအခွင့်အရေး (ပုဒ်မ ၂၈)၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များဥပဒေအရမှ လွဲ၍ နေရင်းနိုင်ငံသို့ ပြန်လည်အပ်နှံခြင်း မခံရမှု အခွင့်အရေး (ပုဒ်မ ၃၆၊ အပိုဒ် ၁)၊ ဘာသာရေးနှင့် အတွေးအခေါ် လွတ်လပ်ပိုင်ခွင့် (ပုဒ်မ ၄၀ နှင့် ၄၁)၊ အမျိုးသားရေး လက္ခဏာနှင့် ပတ်သက်သော အခွင့်အရေး (ပုဒ်မ ၄၉) နှင့် အက်စ်တိုနီးယား ဘာသာဖြင့် အစိုးရအဖွဲ့များကို ခေါ်နိုင်သည့် အခွင့်အရေး (ပုဒ်မ ၅၁၊ အပိုဒ် ၁) တို့ဖြစ်သည်။ |
| **အရေးပေါ်ကာလအတွင်း အာဏာများ ခွဲဝေသတ်မှတ်ခြင်း** | အာဏာများကို ပြန်လည် ခွဲဝေချထားရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပြဋ္ဌာန်းချက် မရှိပေ။ |

| | |
|---|---|
| **နိုင်ငံတော်အရေးပေါ်ကာလ အတွင်း ရွေးကောက်ပွဲများအား ဆိုင်းငံ့ခြင်း** | 'နိုင်ငံတော်၏ အရေးပေါ် အခြေအနေတစ်ခု သို့မဟုတ် စစ်ပွဲကာလ တစ်ခုအတွင်းတွင် လွှတ်တော်၊ နိုင်ငံတော် သမ္မတနှင့် ဒေသန္တရ အစိုးရများ၏ ကိုယ်စားလှယ်အဖွဲ့တို့ကို ရွေးကောက်လိမ့်မည် မဟုတ်ပေ။ ၎င်းတို့၏ အခွင့်အာဏာတို့ကိုလဲ ရှုတ်သိမ်းလိမ့်မည် မဟုတ်ပေ။' (ပုဒ်မ ၁၃၁) |
| **အခြား ထင်မြင်သုံးသပ်ချက်များ** | 'နိုင်ငံတော်၏ အရေးပေါ် အခြေအနေတစ်ခု သို့မဟုတ် စစ်ပွဲကာလ အတွင်းတွင် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အစပျိုးခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်း မပြုရ' (ပုဒ်မ ၁၆၁)။ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏ အရေးပေါ် အခြေအနေများ တရားဝင်ကြေညာခြင်းနှင့်ပတ်သက်၍ အသေးစိတ်ပြဋ္ဌာန်းထားသော်လည်း ၎င်းတွင် 'နိုင်ငံ၏ အရေးပေါ် အခြေအနေကာလအတွင်း အုပ်ချုပ်သူများနှင့် စီမံကွပ်ကဲသူများ'ကို ထိန်းညှိပေးနိုင်စေရန် 'နိုင်ငံ၏ အရေးပေါ် အခြေအနေ အက်ဥပဒေ'တစ်ခုကိုလဲ ပြဋ္ဌာန်းထားသည်။ (ပုဒ်မ ၁၂၉) ၎င်း အက်ဥပဒေမှာ လွှတ်တော်ကိုယ်စားလှယ်များမှ အကြွင်းမဲ့ ထောက်ခံမဲပေးမှသာ အသက်ဝင် ပြဋ္ဌာန်းနိုင်မည် ဖြစ်သည်။ (ပုဒ်မ ၁၀၄) |

## ဇယား (၈.၃)။ အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အိန္ဒိယနိုင်ငံ

| | |
|---|---|
| **မည်သူသည် နိုင်ငံတော်၏ အရေးပေါ်ကာလကို ထုတ်ပြန်ကြေညာခွင့် ရှိသနည်း။** | နိုင်ငံတော် ဝန်ကြီးအဖွဲ့စီမှ စာဖြင့်ရေးသားထားသော စည်းနှောင်အား ရှိသည့် အကြံဉာဏ်ရရှိမှသာ အရေးပေါ်အခြေအနေအဖြစ် သမ္မတမှ ကြေညာနိုင်သည်။ (ပုဒ်မ ၃၅၂.၃)။ ထို့ကြောင့် ဝန်ကြီးချုပ်သည် အဓိက ဆုံးဖြတ်ချက် ချမှတ်သူ ဖြစ်ပါသည်။ |
| **မည်သည့် အခြေအနေမျိုးကို အရေးပေါ်ကာလဟု ကြေညာနိုင်ပါ သနည်း။** | "အကယ်၍ သမ္မတသည် အိန္ဒိယနိုင်ငံ၏ လုံခြုံရေး သို့မဟုတ် နိုင်ငံ နယ်နမိတ်၏ မည်သည့်နေရာကိုမဆို စစ်မက် (သို့မဟုတ်) ပြင်ပမှ ကျူးကျော်ရန်စမှု (သို့မဟုတ်) လက်နက်ကိုင် ဆူပူအုံကြွမှုများမှ ခြိမ်းခြောက်လျက်ရှိပြီး စိုးရိမ်ဖွယ်ရာ အရေးပေါ်အခြေအနေတစ်ခု ဖြစ်ကြောင်း သေချာသည့် အခါ" (ပုဒ်မ ၃၅၂)။ "အိန္ဒိယ နိုင်ငံ၏ လုံခြုံရေး သို့မဟုတ် နိုင်ငံ နယ်နမိတ်၏ မည်သည့်နေရာကိုမဆို စစ်မက် (သို့မဟုတ်) ပြင်ပမှ ကျူးကျော်ရန်စမှု (သို့မဟုတ်) လက်နက်ကိုင် ဆူပူအုံကြွမှုများမှ ခြိမ်းခြောက်လာသည့် အခါ အရေးပေါ် အခြေအနေ ကြေညာချက်အား ထုတ်ပြန်ရမည်ဖြစ်ပြီး ထိုသို့ထုတ်ပြန်ချက်ကို သမ္မတမှ အန္တရာယ် ကျရောက်တော့မည်ဖြစ်ကြောင်း သေချာသည့်အခါ အထက်ဖော်ပြပါ စစ်ပွဲ သို့မဟုတ် ၎င်းကျူးကျော် ရန်စမှု သို့မဟုတ် ဆူပူအုံကြွမှုများ အမှန်တကယ် ဖြစ်ပွားခြင်း မရှိသေးသည့် အချိန်မှာပင် ထုတ်ပြန်နိုင်သည်" (ပုဒ်မ ၃၅၂.၁) |

| | |
|---|---|
| **ဥပဒေပြုရေးမဏ္ဍိုင်မှ အတည်ပြုခြင်း စည်းမျဉ်းများ** | အရေးပေါ် အခြေအနေ ကြေညာချက်အား လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အရေအတွက် အများစုမှ မဲပေး အတည်ပြုရမည် (ကြေညာချက် ထုတ်ပြန်ပြီးမှ အတည်ပြုချက် ယူခြင်းဖြစ်သည်)။ မဲ အများစု ဆိုရာတွင် ၎င်းလွှတ်တော်၏ သုံးပုံ နှစ်ပုံထက် မနည်းသော လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက် မဲပေးမှု ဖြင့် အတည်ပြုမှု ရယူမည်။ |
| **အရေးပေါ်ကာလ၏ အချိန်ကာလ ကန့်သတ်ချက်များနှင့် ကာလ သက်တမ်းတိုးခြင်း** | "အရေးပေါ် အခြေအနေ ထုတ်ပြန်ချက်သည် လွှတ်တော်နှစ်ရပ်စလုံးမှ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အတည်ပြုခြင်းမရှိပါက သက်တမ်း တစ်လ ကုန်ဆုံးသည့် အခါ၌ အာဏာ သက်ရောက်မှု ရပ်စဲသွားမည် ဖြစ်သည်။" (ပုဒ်မ ၃၅.၂.၄)<br>"လွှတ်တော်မှ အတည်ပြုထားသော အရေးပေါ် အခြေအနေ ထုတ်ပြန်ချက်အား လွှတ်တော်မှ ပြန်လည် ရုတ်သိမ်းခြင်းမရှိပါက သက်တမ်း ၆ လပြည့်မြောက်သည့် အခါတွင် အာဏာသက်ရောက်မှု ရပ်စဲသွားရမည် ဖြစ်သည်။ သို့ရာတွင် လွှတ်တော်နှစ်ရပ်လုံး၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အတည်ပြုပြီး နောက်ထပ် ၆ လ အချိန်ကာလအထိ သက်တမ်း တိုးနိုင်ပါသည်။ (ပုဒ်မ ၃၅.၂.၅) |
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း လူ့အခွင့်အရေးများ အပေါ် ကန့်သတ်ချက်များ** | အရေးပေါ် အခြေအနေ ကြေညာချက်၏ အာဏာသက်ရောက်နေစဉ် ကာလအတွင်း ပြည်ထောင်စုအဆင့် လွှတ်တော် (သို့မဟုတ်) ပြည်နယ် လွှတ်တော်များမှ ရေးဆွဲပြဋ္ဌာန်းသော ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ပုဒ်မ ၁၉ (၎င်းသည် လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ အဖွဲ့အစည်း ဖွဲ့စည်းခွင့် အစရှိသည့် ပြည်သူများ၏ လွတ်လပ်ခွင့်များနှင့် သက်ဆိုင်သော ဥပဒေ ပုဒ်မ ဖြစ်သည်) ရှိ ပြဋ္ဌာန်းချက်များနှင့် သဟဇာတ ဖြစ်နိုင်ဖွယ် မရှိချေ။ ဤကဲ့သို့သော ဥပဒေများမှာ အရေးပေါ် ကြေညာချက် သက်တမ်း ကုန်ဆုံးသည့်အခါ၌ ဤဥပဒေများ၏ အာဏာသက်ရောက်ခြင်းမှာ လည်း ရပ်ဆိုင်းသွားမည် ဖြစ်ပေသည်။ |
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း အာဏာများ ခွဲဝေ သတ်မှတ်ခြင်း** | "အရေးပေါ် ကြေညာချက် အသက်ဝင်နေစဉ် ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သည် အိန္ဒိယ တစ်နိုင်ငံလုံးအတွက် သော်လည်းကောင်း၊ အစိတ်အပိုင်းတစ်ခုအတွက် သော်လည်းကောင်း သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုစာရင်း (တွင် ရေးသွင်းထားသည့် ကိစ္စရပ်တိုင်းအတွက် ဥပဒေ ရေးဆွဲ ပြဋ္ဌာန်းခွင့် အာဏာရှိသည်' (ပုဒ်မ ၂၅၀)။ ၎င်းဥပဒေများသည် အရေးပေါ်အခြေအနေ ကြေညာချက် အာဏာသက်ဝင်မှု ရပ်ဆိုင်းပြီး ၆ လ ထက် မကျော်လွန်သည့် ကာလ အထိသာ ဆက်လက်အာဏာ သက်ဝင်နေပေမည်။ အရေးပေါ် အခြေအနေ ကြေညာချက် အာဏာသက်ဝင်နေစဉ် "ပြည်ထောင်စု ၏ အုပ်ချုပ်ရေး အာဏာသည် မည်သည့် ပြည်နယ်ကို မဆို ညွှန်ကြားချက် ပေးနိုင်သည်အထိ အာဏာ တိုးမြင့်သွားမည် ဖြစ်သည်။" (ပုဒ်မ ၃၅၃) |

| | |
|---|---|
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း ရွေးကောက်ပွဲများအား ဆိုင်းငံ့ခြင်း** | "အရေးပေါ် အခြေအနေ ကြေညာချက် သက်ဝင်ဆောင်ရွက်နေစဉ် ကာလအတွင်း လွှတ်တော်သက်တမ်းအား ဥပဒေအားဖြင့် လွှတ်တော်မှ ပင် သက်တမ်းတိုးနိုင်သည်။ ဤသို့ သက်တမ်းတိုးရာတွင် တစ်ကြိမ်လျှင် တစ်နှစ်ထက် မပိုသည့် သက်တမ်းကိုသာ တိုးမြှင့်သွားနိုင်မည် ဖြစ်သည်။ အရေးပေါ် ကြေညာချက် သက်ဝင်ဆောင်ရွက်မှု ရပ်ဆိုင်းသွားသည့် အခါ၌ကား ကြေညာချက် ရပ်ဆိုင်းသွားသည့် အချိန်မှစ၍ မည်သည့် အကြောင်း ကိစ္စကြောင့်မဆို သက်တမ်း ခြောက်လထက် ပို၍ ဆက်လက် တာဝန်ထမ်းဆောင်နိုင်ခွင့် မရှိရ။" (ပုဒ်မ ၈၃) |
| **အခြား ထင်မြင်သုံးသပ်ချက်များ** | ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်နယ်များ အတွင်းတွင် "သမ္မတမှ တိုက်ရိုက်အုပ်ချုပ်ခြင်း" အတွက်လည်း ထည့်သွင်းသတ်မှတ် ပြဋ္ဌာန်းထားပါသေးသည်။ "အကယ်၍ ပြည်နယ် အစိုးရတစ်ခုသည် အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်စွမ်း မရှိတော့ကြောင်း အစီရင်ခံစာကို ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ဖြစ်စေ အခြားနည်းအားဖြင့် ဖြစ်စေ သမ္မတ မှ လက်ခံရရှိပြီး ၎င်း အခြေအနေ အား အတည်ပြုပြီးသည့် အခါ" (ပုဒ်မ ၃၅၆) သမ္မတမှ ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့ နှင့် ပြည်နယ် ဥပဒေပြုရေး အဖွဲ့များအား ရပ်ဆိုင်းနိုင်ပေသည်။ ထို့နောက် ပြည်နယ်၏ အုပ်ချုပ်ရေးအာဏာအား သမ္မတမှတိုက်ရိုက် ခန့်အပ်ထားသော ပြည်နယ်အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ရပေမည်။ ပြည်နယ် အဆင့် ဥပဒေပြုရေး အာဏာကိုလည်း ပြည်ထောင်စု လွှတ်တော်မှ လွှဲပြောင်း ဆောင်ရွက်မည် ဖြစ်သည်။ ၎င်းအာဏာလွှဲပြောင်းမှုသည် လွှတ်တော်မှ ထပ်တိုး ခြောက်လ သက်တမ်းတိုးမြှင့် ခွင့်ပြုခြင်း မရှိပါက နှစ်လ ကာလ အထိသာ လွှဲပြောင်းဆောင်ရွက်နိုင်သည်။ တစ်နည်းဆိုရလျှင် ဤပြဋ္ဌာန်းချက်သည် အရေးပေါ် အခြေအနေ ကြေညာချက်နှင့် ဆက်စပ်၍ ပြည်သူ့တို့၏ အခွင့်အရေးများ အပေါ် ကန့်သတ်ချက် မရှိစေဘဲ အာဏာများကို ဗဟို၏ ချုပ်ကိုင်မှု အောက်သို့ ပေါင်းစည်း လိုက်ခြင်းပင် ဖြစ်သည်။ ဘက်လိုက်မှုကို အားပေးစေနိုင်သည့်အတွက် တရားလွှတ်တော်ချုပ်မှ ဤပြဋ္ဌာန်းချက်အပေါ်တွင် ကန့်သတ်မှု အချို့ကို ပြဋ္ဌာန်းခဲ့သော်လည်း ၎င်းမှာ အတိတ်တွင် နိုင်ငံရေး ကြီးကိုင်ခြယ်လှယ်မှု၏ လက်နက်တစ်ခုအဖြစ် လွဲမှားအသုံးပြုခြင်း ခံခဲ့ရပေသည်။ |

## ဇယား (၈.၄)။ အရေးပေါ် အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကင်ညာနိုင်ငံ

| | |
|---|---|
| **နိုင်ငံတော်၏ အရေးပေါ်ကာလ ကို မည်သူကကြေညာနိုင်သနည်း။** | သမ္မတ သည် နိုင်ငံတော်၏ အရေးပေါ်အခြေအနေကို ကြေညာသည် (ပုဒ်မ ၁၃၂.၄)။ လွှတ်တော်၏ အာဏာဖြင့်သာ သက်တမ်းတိုး နိုင်သည်။ (ပုဒ်မ ၉၅.၆) |
| **မည်သည့် အခြေအနေမျိုးကို နိုင်ငံတော်၏ အရေးပေါ်ကာလဟု ကြေညာနိုင်ပါ သနည်း။** | "နိုင်ငံတော်သည် စစ်မက်၊ ကျူးကျော်ခြင်း၊ ဆူပူအုံကြွခြင်း၊ မတည်မငြိမ် ဖြစ်ခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း (သို့မဟုတ်) အခြားသော ပြည်သူအားထိခိုက်နိုင်သည့် အရေးအပေါ် အခြေအနေ" ကျရောက်သည့် အချိန် နှင့် "အရေးပေါ် အခြေအနေ ထုတ်ပြန် ကြေညာရန် လိုအပ်သည့် အခြေအနေများ ပေါ်ပေါက်လာသည့် အချိန်တို့တွင်သာ ကြေညာချက် ထုတ်ပြန်ရပါမည်။" (ပုဒ်မ ၅၈.၁) |
| **ဥပဒေပြုရေးမဏ္ဍိုင်မှ အတည်ပြုခြင်း စည်းမျဉ်းများ** | အရေးပေါ် အခြေအနေကာလအတွက် ပထမအကြိမ် သက်တမ်းတိုး ရာတွင် အမျိုးသားလွှတ်တော်ရှိ အားလုံးသော အမတ်များ၏ သုံးပုံ နှစ်ပုံမှ ထောက်ခံမဲ ရရှိရန် လိုအပ်ပါသည်။ နောက်ဆက်တွဲ အကြိမ်များ အတွက် သက်တမ်းတိုးရာတွင်ကား အားလုံးသော အမတ်များမှ အနည်းဆုံး လေးပုံ သုံးပုံ၏ ထောက်ခံမဲ ရရှိရန် လိုအပ်သည်။ အရေးပေါ်ကာလကို နောက်တကြိမ်သက်တမ်း တိုးရန်အတွက် လွှတ်တော်တွင်း မဲပေးဆုံးဖြတ်ရာတွင် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်သူတစ်ရပ်လုံးကြားနာနိုင်ရမည်။ |
| **အရေးပေါ်ကာလ၏ အချိန်ကာလ ကန့်သတ်ချက်များနှင့် ကာလ သက်တမ်းတိုးခြင်း** | နိုင်ငံတော်၏ အရေးပေါ် အခြေအနေသည် "လွှတ်တော်မှ ကြေညာ ခြင်းအား သက်တမ်းတိုးရန် ဆုံးဖြတ်သည်မှလွဲ၍ ကြေညာချက် ပြုလုပ်သည့် နေ့ရက်မှ ဆယ့်လေးရက်ထက် မပိုဘဲ" အာဏာ သက်ဝင်ရပါမည်။ (ပုဒ်မ ၅၈.၂)<br>အရေးပေါ်အခြေအနေကို သက်တမ်းတိုးရာတွင် လွှတ်တော်သည် တစ်ကြိမ်သက်တမ်းတိုးလျှင် ၂လ ထက်ပို သက်တမ်းတိုးခွင့်မရှိ။ (ပုဒ်မ ၅၈.၃) |
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း လူ့အခွင့်အရေးများ အပေါ် ကန့်သတ်ချက်များ** | အရေးပေါ် အခြေအနေ ကြေညာချက် သက်ဝင်ဆောင်ရွက်နေစဉ် ကာလအတွင်း ပြဋ္ဌာန်းသော မည်သည့် ဥပဒေမဆို နိုင်ငံသားအခွင့် အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များမှ အခွင့်အရေးတစ်ခု (သို့) အခြေခံ လွတ်လပ်ခွင့် တို့အပေါ် ကန့်သတ်ချုပ်ချယ်ရာတွင် အခြေအနေ နှစ်ရပ် အောက်တွင် ဆောင်ရွက်နိုင်သည်။ ယင်းသို့ အခွင့်အရေးများကို ကန့်သတ်ခြင်းသည် အရေးပေါ်အခြေအနေကို ထိန်းချုပ်ရန် မဖြစ်မနေ လိုအပ်ချက်တစ်ခု ဖြစ်နေခြင်း၊ နိုင်ငံတော်မှ ကတိကဝတ်ပြုထားသည့် နိုင်ငံတကာဥပဒေများတွင် ဖော်ပြထားသော အရေးပေါ်အခြေအနေ ထိန်းချုပ်ရေးအချက်များနှင့် ကိုက်ညီမှုရှိနေခြင်း။ (ပုဒ်မ ၅၈.၆) |

| | |
|---|---|
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း အာဏာများ ခွဲဝေ သတ်မှတ်ခြင်း** | "ပြည်တွင်း ပဋိပက္ခ (သို့မဟုတ်) စစ်ပွဲ (သို့မဟုတ်) အခြားသော ထူးခြားသည့် အခြေအနေ တစ်ရပ်ရပ်ကြောင့် အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာသည့် အခါ သမ္မတသည် ဒေသန္တရအစိုးရအား ရပ်စဲနိုင်သည်။" (ပုဒ်မ ၁၉၂)။ ဤသို့ ရပ်စဲရာတွင် "လွတ်လပ်သည့် စုံစမ်းမေးမြန်းရေး ကော်မရှင် တစ်ခု မှ ထိုဒေသန္တရ အစိုးရအပေါ် စွပ်စွဲချက်များ စစ်ဆေးမေးမြန်း အတည်ပြုခြင်း၊ သမ္မတမှ ၎င်း စွပ်စွဲချက်များမှာ မှန်ကန်၍ တရားမျှတမှုရှိကြောင်း လက်ခံအတည် ပြုခြင်း၊ အထက်လွှတ်တော် မှ ဤရပ်စဲမှု အား ခွင့်ပြုခြင်းစသည့် အချက်များ စုံညီမှသာ အဆိုပါအာဏာအား ကျင့်သုံးနိုင်မည် ဖြစ်ပေသည်။ |
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း ရွေးကောက်ပွဲများအား ဆိုင်းငံ့ခြင်း** | "ကင်ညာနိုင်ငံတွင် စစ်ပွဲဖြစ်ပွားသည့်အခါ လွှတ်တော် နှစ်ရပ်စလုံးသည် ၎င်း၏ လွှတ်တော် တစ်ခုစီရှိ အားလုံးသော အမတ်များ၏ အနည်းဆုံး သုံးပုံနှစ်ပုံ မှ မဲပေးထောက်ခံမှသာ တစ်ကြိမ်လျှင် ခြောက်လထက် မပိုသည့် ကာလအပိုင်းအခြား အထိသာ လွှတ်တော်၏ သက်တမ်းကို တိုးမြှင့် နိုင်ပါသည်။" (ပုဒ်မ ၁၀၂.၂)၊ စုစုပေါင်း ဆိုင်းငံ့သည့်ကာလသည် ဆယ့်နှစ်လ ကာလ ထက် ကျော်လွန်ခြင်း မရှိစေရ။ (ပုဒ်မ ၁၀၂.၃) |
| **အခြား ထင်မြင်သုံးသပ်ချက်များ** | "နိုင်ငံတော်၏ အရေးပေါ် အခြေအနေတစ်ရပ်အား ကြေညာခြင်း (သို့မဟုတ်) ဥပဒေ ပြဋ္ဌာန်းခြင်း (သို့မဟုတ်) ကြေညာချက် တစ်ရပ်ရပ်၏ နောက်ဆက်တွဲအဖြစ် ဆောင်ရွက်ရသည့် အခြားသော ကိစ္စရပ်များသည် ဥပဒေနှင့် မညီသည့် ပြုမူမှုနှင့် ပျက်ကွက်မှု တစ်ရပ်ရပ် အတွက် ပြည်နယ် (သို့မဟုတ်) လူတစ်ဦးတစ်ယောက်ထံမှ လျော်ကြေး (Indemnification) တောင်းခံခွင့် မရှိ။" (ပုဒ်မ ၅၈.၇)။ တရားရေးဆိုင်ရာ သုံးသပ်ချက်များအတွက် ပြဋ္ဌာန်းချက်များလည်း ရှိပါသည်။ "နိုင်ငံတော်၏ အရေးပေါ် ကြေညာချက်၏ အကျိုးသက်ရောက်မှု ကို သော်လည်းကောင်း၊ နိုင်ငံတော်၏ အရေးပေါ် ကြေညာချက်၏ သက်တမ်းတိုးမှု ကို လည်းကောင်း၊ အရေးပေါ် ကြေညာချက်၏ နောက်ဆက်တွဲ အဖြစ် ပြဋ္ဌာန်းသော ဥပဒေများနှင့် အရေးယူဆောင်ရွက်ရသည့် အခြားကိစ္စရပ်များ အပေါ်တွင် လည်းကောင်း တရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်ချက် ချနိုင်သည်။" (ပုဒ်မ ၅၈.၅) |

## ဇယား (၈.၅)။ အရေးပေါ် အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ တောင်အာဖရိကနိုင်ငံ

| | |
|---|---|
| **မည်သူသည် နိုင်ငံတော်၏ အရေးပေါ်ကာလကို ထုတ်ပြန်ကြေညာခွင့် ရှိသနည်း။** | ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးပေါ်အခြေအနေကို "လွှတ်တော်မှ ပြဋ္ဌာန်းနိုင်သော အက်ဥပဒေတစ်ရပ်အဖြစ်" ထုတ်ပြန်ကြေညာခွင့် ပေးထားသည်။ (ပုဒ်မ ၃၇.၁) တစ်နည်းအားဖြင့် ဆိုရသော် ဖွဲ့စည်းပုံ အခြေခံဥပဒေ တွင်ပင်လျှင် မည်သူ တစ်ဦးတစ်ယောက်က ဤအာဏာကို ပိုင်ဆိုင်ကြောင်း မဖော်ပြပဲ သာမာန်ဥပဒေပြုရေးအပေါ် တွင်သာ ဤအာဏာကို ပေးအပ်သွားခြင်း ဖြစ်သည်။ လက်ရှိ အကျုံးဝင်သော ဥပဒေသည် သမ္မတအား နိုင်ငံတော်၏ အရေးပေါ် အခြေအနေကို ကြေညာရန် အာဏာကိုပေးသော ၁၉၉၇ ခုနှစ် အရေးပေါ်အခြေအနေဆိုင်ရာ အက်ဥပဒေ ဖြစ်သည်။ |
| **မည်သည့် အခြေအနေ မျိုးတွင် နိုင်ငံတော်၏ အရေးပေါ်ကာလ ကို ကြေညာနိုင်ပါ သနည်း။** | "စစ်ပွဲများ၊ ကျူးကျော်ဝင်ရောက်ခြင်းများ၊ ရောင်စုံလက်နက်ကိုင် တော်လှန်မှုများ၊ ဆူပူအုံကြွမှုများ၊ သဘာဝဘေးဒုက္ခများ သို့မဟုတ် အခြား ပြည်သူ့ရေးရာ အရေးပေါ်အခြေအနေများကြောင့် နိုင်ငံတော် တည်ငြိမ်ရေး ပျက်သုဉ်းမည့် အန္တရာယ်ရှိနေသောအချိန်နှင့် နိုင်ငံတော် ငြိမ်းချမ်းရေး နှင့် ငြိမ်ဝပ်ပိပြားရေးအား ပြန်လည်ထိန်းသိမ်းနိုင်ရေး အတွက် ကြေညာချက်ထုတ်ပြန်ရန် လိုအပ်သော အချိန်များ" တွင်သာ။ (ပုဒ်မ ၃၇.၁) |
| **ဥပဒေပြုရေးမဂ္ဂိုဏ်မှ အတည်ပြုခြင်း စည်းမျဉ်းများ** | "နိုင်ငံတော် အရေးပေါ်အခြေအနေ ၏ ပထမအကြိမ် သက်တမ်းတိုး ခြင်းအား လွှတ်တော်ကိုယ်စားလှယ်အများစုမှ ထောက်ခံမဲဖြင့် သဘောတူဆုံးဖြတ်မှသာ ဆောင်ရွက်နိုင်ပေသည်။ သို့သော်မည်သည့် နောက်ဆက်တွဲ သက်တမ်းတိုးခြင်းကိုမဆို လွှတ်တော်အဖွဲ့ဝင် အနည်းဆုံး (၆၀) ရာခိုင်နှုန်းထံမှ ထောက်ခံမဲ ရရှိမှသာ ဆက်လက် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဤအပိုဒ်ပါ ဆုံးဖြတ်ချက်များအား လွှတ်တော်အတွင်း၌ အကျေအလည်ဆွေးနွေးပွဲ တစ်ရပ် ကျင်းပပြီးမှ မဲပေး ဆုံးဖြတ်ချက် ချနိုင်ခြင်း ဖြစ်သည်။ (ပုဒ်မ ၃၇.၂) |
| **အရေးပေါ်ကာလ၏ အချိန်ကာလ ကန့်သတ်ချက်များနှင့် ကာလ သက်တမ်းတိုးခြင်း** | နိုင်ငံတော် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်သည် လွှတ်တော်မှ ထိုကြေညာချက်အား သက်တမ်းတိုးရန် ဆုံးဖြတ်ခြင်း မရှိပါက ကြေညာချက်ထုတ်သည့် နေ့မှစ၍ (၂၁) ရက်အတွင်းသာ အကျိုးသက်ရောက်မှု ရှိမည် ဖြစ်သည်။ (ပုဒ်မ ၃၇.၂) လွှတ်တော်သည် နိုင်ငံတော်၏ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်အား သက်တမ်းတိုးရာတွင် တစ်ကြိမ်လျှင် (၃) လ ထက် ပိုမို သက်တမ်းတိုးခွင့် မရှိချေ။ (ပုဒ်မ ၃၇.၂) |

| | |
|---|---|
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း လူ့အခွင့်အရေးများ အပေါ် ကန့်သတ်ချက်များ** | အရေးပေါ် အခြေအနေ ကြေညာချက် သက်ဝင်ဆောင်ရွက်နေစဉ် ကာလအတွင်း ပြဋ္ဌာန်းသော မည်သည့်ဥပဒေမဆို နိုင်ငံသားအခွင့် အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များမှ အခွင့်အရေးတစ်ခု (သို့) အခြေခံ လွတ်လပ်ခွင့် တို့အပေါ် ကန့်သတ်ချုပ်ချယ်ရာတွင် အခြေအနေနှစ်ရပ် အောက်၌ ဆောင်ရွက်နိုင်သည်။ ယင်းသို့ အခွင့်အရေးများကို ကန့်သတ်ခြင်းသည် အရေးပေါ်အခြေနေကို ထိန်းချုပ်ရန် မဖြစ်မနေ လိုအပ်ချက်တစ်ခု ဖြစ်နေခြင်း၊ နိုင်ငံတော်မှ ကတိကဝတ်ပြုထားသည့် နိုင်ငံတကာဥပဒေများတွင် ဖော်ပြထားသော အရေးပေါ်အခြေအနေ ထိန်းချုပ်ရေးအချက်များနှင့် ကိုက်ညီမှုရှိနေခြင်း (ပုဒ်မ ၃၇.၄)။ သို့သော် (ပုဒ်မ ၃၇.၅) ရှိ "သွေဖီခွင့်မရှိသော လူ့အခွင့်အရေးများ" ဇယား ၅ နိုင်ငံတော်၏ အရေးပေါ်အခြေအနေအတွင်းတွင် ပြဋ္ဌာန်းသည့် မည်သည့် ဥပဒေမဆို လိုက်နာရမည့်အချက်များ ဖော်ပြထားသည်။ |
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း အာဏာများ ခွဲဝေ သတ်မှတ်ခြင်း** | အရေးပေါ်အာဏာ (အရေးပေါ်အခြေအနေတွင် ကျင့်သုံးသည့် အာဏာ) ဟူ၍ အရေးပေါ်အခြေအနေ အတွင်းတွင် နိုင်ငံအစိုးရနှင့် ပြည်နယ်များ ကြားရှိ အာဏာခွဲဝေသတ်မှတ်ခြင်းကို ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိချေ။ |
| **နိုင်ငံတော်၏ အရေးပေါ်ကာလ အတွင်း ရွေးကောက်ပွဲများအား ရွှေ့ဆိုင်းခြင်း** | ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်းနှင့် သက်ဆိုင်သည့် အရေးပေါ်အာဏာ ဟူ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိချေ။ |
| **အခြား ထင်မြင်သုံးသပ်ချက်များ** | တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း ။ "မည်သည့် တရားရုံးမဆို နိုင်ငံတော်၏ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်၏ တရားဝင် ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်တွင်လည်းကောင်း၊ နိုင်ငံတော် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်၏ သက်တမ်းတိုးခြင်း၊ မတိုးခြင်းတို့နှင့် ပက်သက်၍လည်းကောင်း၊ သို့မဟုတ် နိုင်ငံတော်၏ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်၏ အကျိုးဆက်အနေဖြင့် ထုတ်ပြန်ထားသော မည်သည့်ဥပဒေ သို့မဟုတ် မည်သည့်ဆောင်ရွက် ချက်နှင့်ပက်သက်၍လည်းကောင်း ဆုံးဖြတ်နိုင်စွမ်း ရှိသည်။" (ပုဒ်မ ၃၇.၃) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ အရေးပေါ် အခြေအနေအပြင် နိုင်ငံတော်ကာကွယ်ရေး အခြေအနေအတွက်လည်း သတ်မှတ်ချက်များ သီးသန့် ပြဋ္ဌာန်းထားသည်။ |

# ၉။ သုံးဖြတ်ချက်ချမှတ်ရေးဆိုင်ရာ မေးခွန်းများ

အရေးပေါ်သတ်မှတ်ပြဋ္ဌာန်းချက်များအား ရေးဆွဲကျင့်သုံးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် အောက်ဖော်ပြပါ မေးခွန်းများအား ထည့်သွင်းစဉ်းစားသင့်သည်။

၁။ တည်ငြိမ်လုံခြုံသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံအား အဓိကခြိမ်းခြောက်နိုင်သည့် အရာများမှာ အဘယ်နည်း။ ၎င်းတို့သည် အဓိကအားဖြင့် ပြည်ပကျူးကျော်မှု၊ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ အကြမ်းဖက်အန္တရာယ် အစရှိသည့် ခြိမ်းခြောက်မှုများ သို့မဟုတ် သဘာဝဘေးအန္တရာယ် ခြိမ်းခြောက်မှုများ ဖြစ်ပါသလား။ ခြိမ်းခြောက်မှု၏ သဘောသဘာဝသည် ယင်းခြိမ်းခြောက်မှုရန်မှ ကာကွယ်ရန် လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်ပုံစံအပေါ်တွင် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိပါသနည်း။

၂။ နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရေစီ သမိုင်းကြောင်းမှာ အဘယ်သို့နည်း။ တရားဥပဒေစိုးမိုးခြင်းနှင့် ဒီမိုကရေစီ စံသတ်မှတ်ချက်များအား လေးစားလိုက်နာသော တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီ ထုံးထမ်းစဉ်လာတစ်ခု ရှိခဲ့ပါသလား။ အကြောင်းမှာ အကယ်၍ အထက်ဖော်ပြပါအတိုင်းရှိခဲ့သော် နိုင်ငံတော် အရေးပေါ်အခြေအနေဆိုင်ရာ စည်းမျဉ်းများ၊ သတ်မှတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညွှန်ကြားချက် အနည်းအကျဉ်းနှင့် သာမန် ဥပဒေများဖြင့်ပင် လုပ်ဆောင်ဖြေရှင်းသွားနိုင်မည် ဖြစ်သောကြောင့် ဖြစ်သည်။ သို့မဟုတ် အစိုးရသည် အရေးပေါ်အာဏာအား အလွဲသုံးစား ပြုလေ့ပြုထရှိပါသလား။ ဤသို့ဆိုလျှင်မူ ပိုမိုအားကောင်း တင်းကျပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းများ လိုအပ်ပြီဖြစ်ကြောင်း အဆိုပြုနိုင်ပေသည်။

၃။ အရေးပေါ်အာဏာ အသုံးပြုမှုကို အတည်ပြုခြင်း သို့မဟုတ် ကြီးကြပ်ခြင်း ပြုလုပ်ကောင်းပြုလုပ်ရနိုင်သော အုပ်ချုပ်ရေးမဏ္ဍိုင်မှ မဟုတ်သည့် အဓိက အင်စတီကျူးရှင်းများသည် အားကောင်းမှု၊ လွတ်လပ်မှု၊ နိုင်ငံသားအားလုံးတို့အား ကိုယ်စားပြုနိုင်မှုနှင့် လေးစားဂရုစိုက်ခံရမှု မည်မျှရှိပါသနည်း။ ဥပမာအားဖြင့် အကယ်၍ အရေးပေါ်အာဏာများအား တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်မည်ဆိုပါက ၎င်းတရားစီရင်ရေးအဖွဲ့သည် လေးစားခံရမှု၊ လွတ်လပ်မှု၊ စီရင်နိုင်စွမ်းရှိမှု မည်မျှရှိသနည်း။ ကန့်သတ်ဟန့်တားမျှတစေသည့်

အာဏာကို အသုံးချရန်အတွက် ၎င်းအားယုံကြည်အားထားနိုင်ပါသလား။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခန့်အပ်ထားသော အရပ်သားအုပ်ချုပ်သူတို့၏ လက်အောက်တွင် ရှိပါသလား။ ဘက်မလိုက်သော ကြားနေအခန်းကဏ္ဍတွင် ရှိပါသလား။ သို့မဟုတ် အရေးပေါ် အခြေအနေ ကြုံကြိုက်လာပါက ၎င်းအားအလွဲသုံးစား ပြုလုပ်နိုင်လောက်သော နိုင်ငံရေးအခန်းကဏ္ဍတစ်ခုအဖြစ် ရပ်တည်နေပါသလား။

၄။ ရွေးကောက်ပွဲစနစ်သည် မည်မျှအချိုးအစားကျနပြီး မည်မျှအတိုင်းအတာအထိ နိုင်ငံသားအားလုံးတို့အား ကိုယ်စားပြုနိုင်သနည်း။ ဥပဒေပြုရေးတွင် အရေးပါသောပါတီများ မည်မျှပါဝင်နိုင်သနည်း။ ၎င်းပါတီများသည် အရွယ်အစား မည်မျှရှိကာ ၎င်းတို့အချင်းချင်းကြားရှိ ဆက်ဆံရေးများမှာ မည်သို့ရှိသနည်း။ အတိုက်အခံနှင့် လူနည်းစုပါတီများအား နိုင်ငံတော်၏ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်အား အလွဲသုံးစားပြုမှုမှ ဆန့်ကျင်ကာ ကွယ်နိုင်ရန်အတွက်ဤသို့ဥပဒေပြုရေးတွင်ပါဝင်သောပါတီများ၏ကိုယ်စားပြုမှုများသည် အဆိုပါ အရေးပေါ်အခြေအနေ ကြေညာရန်လိုအပ်သော မဲအများစု ပမာဏအပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုရှိသနည်း။

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် (တရားဝင်ဖြစ်စေ သို့မဟုတ် အလွတ်သဘောဖြစ်စေ) မည်ကဲ့သို့သော ဖက်ဒရယ် ညှိနှိုင်းသဘောတူညီချက်များ သို့မဟုတ် လူမှုအသိုင်းအဝိုင်းများ ကြားရှိသဘောတူညီချက်များအပေါ်တွင် အခြေခံသနည်း။ အရေးပေါ်အာဏာသည်အဆိုပါ လူမှုအသိုင်းအဝိုင်းများ၏ အခွင့်အရေးများအား ချိုးဖောက်ခြင်း သို့မဟုတ် အာဏာအား ဗဟိုဦးစီးထိန်းချုပ်ထားခြင်းတို့အား ပြုလုပ်ခြင်းကြောင့် အထက်ပါ သဘောတူညီချက်များအား ပျက်ပြားစေနိုင်မည့် အလားအလာရှိပါသလား။ အကယ်၍ဗဟိုစနစ်၏ကြားဝင်စွက်ဖက်ခြင်း ရှိရမည်ဆိုပါက ကွဲပြားသောနယ်မြေများ သို့မဟုတ် လူ့အသိုင်းအဝိုင်းများ၏ အကျိုးစီးပွားကို ကာကွယ်ပေးမည်ကို အာမခံပေးနိုင်ရန် မည်ကဲ့သို့သော လုပ်ငန်းစဉ်များနှင့် အကာအကွယ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းနိုင်ပါသနည်း။

၆။ ပုံမှန်မဟုတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေအနေတစ်ရပ်ဖြစ်သော အရေးပေါ်အာဏာပေါ်ရှိ မှီတည်မှုကို ရှောင်ရှားနိုင်ရန် မည်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်နိုင်သနည်း။ ဥပမာအားဖြင့် ကန့်သတ်ချက်ဆိုင်ရာ စကားရပ်များအား ပြောင်းလဲမှုများ သို့ဟုတ် အင်စတီကျူးရှင်းများ၏ အာဏာခွဲဝေမှုများအား ပြောင်းလဲမှုများသည် နိုင်ငံတော်၏ အရေးပေါ်အခြေအနေကို မကြာခဏ ပြဋ္ဌာန်းသတ်မှတ်ရန် မလိုအပ်ပဲ ဒီမိုကရေစီ အခွင့်အရေးများနှင့် နိုင်ငံတော် အေးချမ်းလုံခြုံရေးအကြား ပိုမိုလိုက်လျောညီထွေရှိသော ဟန်ချက်ကို ဖန်တီးနိုင်ပေးခြင်းဖြင့် ဒီမိုကရေစီကိုနည်းလမ်း အမျိုးမျိုးဖြင့် ကာကွယ်မှုပေးနိုင်ပါသလား။

၇။ နိုင်ငံတော်၏ အရေးပေါ်အခြေအနေအား ထုတ်ပြန်ကြေညာသောလုပ်ငန်းစဉ်သည် အဆိုပြုထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ရှင်းလင်းစွာဖော်ပြထားခြင်း ရှိပါသလား။ သတ်မှတ်ပြဋ္ဌာန်းချက်များသည်အနက် ထွေပြားခြင်းမရှိပဲ ကောင်းမွန်စွာ မူကြမ်းရေးဆွဲထားခြင်း ရှိပါသလား။

၈။ အရေးပေါ်အခြေအနေတွင် ရောက်ရှိနေသည့်တိုင်အောင် မည်သည့် မူလအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သနည်း။ ဤအချက်သည် နိုင်ငံတကာ ဥပဒေအောက်ရှိ နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် မည်သို့သက်ဆိုင်သနည်း။ ဤအခွင့်အရေးများကို မပျက်သုဉ်းစေရေးအတွက် အာမခံစီမံထားသည့် ပြဋ္ဌာန်းချက်များသည်လုံလောက်ပြည့်ဝမှု ရှိပါသလား။

# ကိုးကားချက်များ

**စာတမ်းထဲတွင် ရည်ညွှန်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ရှာဖွေရန်**

ဤစာစဉ်တွင် ရည်ညွှန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာသားများအား မည်သည့်ရင်းမြစ်မှ ကောက်ယူသည်ဟု ဖော်ပြမထားခဲ့လျှင် Constitute Project ၏ Website ဖြစ်သည့် https://www.constituteproject.org/ မှ ကောက်နှုတ်ဖော်ပြထားသည်ဟု မှတ်ယူနိုင်သည်။


Bulmer, E. W., *Bicameralism*, International IDEA Constitution-Building Primer No. 2, 2nd edn (Stockholm: International IDEA, 2017), <https:// www.idea.int/publications/catalogue/bicameralism>, accessed 25 May 2018. "ဥပဒေပြုလွှတ်တော် နှစ်ရပ်ထားရှိခြင်း" International IDEA ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း စာတမ်း အမှတ် (၂)။"

Council of Europe, European Convention for the Protection of Human Rights and Fundamental Freedoms, as amended by Protocols Nos. 11 and 14, 4 November 1950, <https://rm.coe.int/1680063765>, accessed 6 April 2018 "ဥရောပကောင်စီ၊ လူ့အခွင့်အရေးနှင့် အခြေခံမူလ လွတ်လပ်ခွင့်များအား ကာကွယ်ထိန်းသိမ်းရေး ဥရောပညီလာခံ၊ သဘောတူ စာချုပ်မချုပ်မီ ညှိနှိုင်းချက်မှတ်တမ်း နံပါတ် ၁၁ နှင့် ၁၄ အရ ပြင်ဆင်ဖြည့်စွက်ချက်။"

Khosla, M., *The Indian Constitution* (Oxford: Oxford University Press, 2012) "အိန္ဒိယ ဖွဲ့စည်းပုံ အခြေခံဥပဒေ"

Lillich, R. B., 'The Paris Minimum Standards of Human Rights Norms in a State of Emergency', *American Journal of International Law*, 79 (1985), pp. 1072–81. "အရေးပေါ်ကာလအတွင်း ပါရီ၏ လူ့အခွင့်အရေးဆိုင်ရာ အနည်းဆုံးစံသတ်မှတ်ချက်များ"

Posner, E. A. and Vermeule, A., *Terror in the Balance: Security, Liberty, and the Courts* (Oxford: Oxford University Press, 2007) "ဟန်ချက်အား ချိမ်းခြောက်နေသည့်အရာများ - လုံခြုံရေး၊ လွတ်လပ်ရေးနှင့် ခုံရုံးများ"

Posner, R. A., *Not a Suicide Pact. A Constitution in a Time of National Emergency* (New York, NY: Oxford University Press, 2006) "အဆုံးစီရင်မည့် ကတိကဝတ် မဟုတ်။ နိုင်ငံတော်၏ အရေးပေါ်အခြေအနေ ကာလအတွင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေ။"

Sagar, R., 'Emergency powers', in S. Choudhry, M. Khosla and P. Mehta (eds), *The Oxford Handbook of the Indian Constitution* (Oxford: Oxford University Press, 2016) "အရေးပေါ်အာဏာများ"

United Nations General Assembly Resolution 2200A (XXI), 'International Covenant on Civil and Political Rights', 16 December 1966, <http://www.un.org/en/development/desa/population/migration/generalassembly/docs/globalcompact/A_RES_2200A(XXI)_civil.pdf>, accessed 6 April 2018. ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၂၂၀၀ အေ (၂၁) "နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်"

## ဆက်လက်ဖတ်ရှုလေ့လာရန်

Ackerman, B., 'The Emergency Constitution', Yale Law School Legal Scholarship Repository, Paper No. 121, 2004, <http://digitalcommons.law.yale.edu/ fss_papers/121/>, accessed 10 February 2017. "အရေးပေါ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ"

Dyzenhaus, D., 'The compulsion of legality', in V. Ramraj (ed.), *Emergencies and the Limits of Legality* (Cambridge: Cambridge University Press, 2008) "တရားဥပဒေနှင့် ညီညွတ်ခြင်း၏စေ့စော်မှု"

Green, A., *Permanent States of Emergency and the Rule of Law: Constitutions in an Age of Crisis* (Oxford: Hart Publishing, 2018). "နိုင်ငံတော်၏ အမြဲတမ်း အရေးပေါ်အခြေအနေများနှင့် တရားဥပဒေ စိုးမိုးရေး - အရေးအခင်း ခေတ်ကာလ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ"

Gross, O., 'Extra-legality and the ethic of political responsibility', in V. Ramraj (ed.), *Emergencies and the Limits of Legality* (Cambridge: Cambridge University Press, 2008). "ဥပဒေဘောင်၏ ပြင်ပမှ လုပ်ဆောင်ခြင်းနှင့် နိုင်ငံရေးတာဝန်များဆိုင်ရာ ကျင့်ဝတ်"

Lazar, N. C., *States of Emergency in Liberal Democracies* (Cambridge: Cambridge University Press, 2009). "လစ်ဘရယ် ဒီမိုကရေစီနိုင်ငံများရှိ နိုင်ငံတော် အရေးပေါ်အခြေအနေများ"

Seitzer, J. and Thornhill, C., 'An introduction to Carl Schmitt's constitutional theory: issues and context', in J. Seitzer (ed.), *Carl Schmitt: Constitutional Theory* (Durham, NC: Duke University Press, 2008). "Carl Schmitt ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သီအိုရီအား မိတ်ဆက်ခြင်း - ပြဿနာရပ်များ နှင့် ဆက်စပ်သုံးသပ်ရန် အကြောင်းအရာများ"

# နောက်ဆက်တွဲ

## စာရေးသူအကြောင်း

**Elliot Bulmer** သည် International IDEA ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း အစီအစဉ်မှ အကြီးတန်းအစီစဉ်အရာရှိတစ်ဦးဖြစ်သည်။ University of Glasgow မှ ပါရဂူဘွဲ့ရတစ်ဦး ဖြစ်ပြီး University of Edinburgh မှ မဟာဝိဇ္ဇာဘွဲ့ ရရှိထားသည်။ စာရေးသူသည် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း စာစဉ်၏ အယ်ဒီတာတစ်ဦးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းပုံစံ၊ အင်စတီကျူးရှင်း ဒီဇိုင်းပုံစံတို့ကို နိုင်းယှဉ်လေ့လာသော ဘာသာရပ်ကို အထူးပြုလေ့လာသည်။ ထို့အပြင် စာရေးသူသည် ကမ္ဘာတစ်ဝန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် နည်းပညာအထောက်အပံ့နှင့် စွမ်းရည်မြှင့်တင်ရေးတို့အား ကမ်းလှမ်း ချိတ်ဆက်ပေးသူဖြစ်ပြီး ယခုလက်ရှိတွင် အာဖဂန်နစ်စတန်၊ မြန်မာ၊ တူဗာလူနှင့် ယူကရိန်း နိုင်ငံရှိ စီမံကိန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် အစိုးရချုပ် ချိတ်ဆက်လုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ခွင် ရေရှည်တည်တံသော ဒီမိုကရေစီရရှိရေးအတွက် ပံ့ပိုးကူညီသည်။ International IDEA သည် အသိပညာများ၊ နိုင်းယှဉ်လေ့လာမှုများ ပံ့ပိုးပေးခြင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် ပံ့ပိုးကူညီခြင်း၊ မူဝါဒများနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲရာတွင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တည်တံ့သည့် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲမှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။
http://www.idea.int

## MyConstitution အစီအစဉ်အကြောင်း

International IDEA ၏ MyConstitution Programme သည် လုပ်ဖော်ဆောင်ဖက် သက်ဆိုင်သူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာ အသိပညာများကို မြှင့်တင်ပေးခြင်းဖြင့် အလုံးစုံခြုံငုံ စဉ်းစားဆုံးဖြတ်နိုင်သော၊ အများပါဝင်မှုရှိသော၊ ပြည်တွင်းဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

## ဤစာစဉ်နှင့် စပ်လျဉ်း၍

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း" စာတမ်းတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သူများ၏ လက်တွေ့ကျကျ ကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ရှင်းပြနိုင်ရန် ရေးရှုသည်။

၁။ အခြေခံဥပဒေ ဆိုသည်မှာ အဘယ်နည်း။ အခြေခံ သဘောတရားများနှင့် အယူအဆများ။ *
၂။ ဥပဒေပြုလွှတ်တော် နှစ်ရပ်ထားရှိခြင်း (သို့) Bicameralism*
၃။ တိုက်ရိုက် ဒီမိုကရေစီ စနစ်။ *
၄။ တရားရေးဆိုင်ရာ ရာထူး ရွေးချယ် ခန့်အပ်မှုများ။ *
၅။ တရားရေးဆိုင်ရာ ရာထူးများ ၏ တည်မြဲပိုင်ခွင့်၊ထုတ်ပယ်ခြင်း၊ အထူးကင်းလွတ်ခွင့်များနှင့် တာဝန်ခံမှု။ *
၆။ ပါလီမန် စနစ်သုံး ဒီမိုကရေစီ နိုင်ငံများရှိ အုပ်ချုပ်ရေးအာဏာ မကျင့်သုံးသော သမ္မတများ။ *
၇။ ပါလီမန်စနစ်သုံးဒီမိုကရေစီနိုင်ငံများရှိဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်အာဏာကန့်သတ်ထားသော ဇကရာဇ်များ။
၈။ ဘာသာရေး နှင့် နိုင်ငံအကြား ဆက်စပ်မှု။
၉။ လူမှုရေး နှင့် စီးပွားရေး ဆိုင်ရာ လုပ်ပိုင်ခွင့်များ။
၁၀။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေး လုပ်ထုံးလုပ်နည်းများ။
၁၁။ ကန့်သတ်ချက် (ဥပဒေ)အပိုဒ်ငယ်များ။
၁၂။ ဖက်ဒရယ် စနစ်။ *
၁၃။ ဒေသန္တရ ဒီမိုကရေစီ စနစ်။ *
၁၄။ သမ္မတ လက်ဝယ်ရှိ ဗီတို အာဏာများ။
၁၅။ သမ္မတ လက်ဝယ်ရှိ ဥပဒေပြုရေး အာဏာများ။
၁၆။ ပါလီမန် ဖျက်သိမ်းခြင်း။
၁၇။ အစိုးရ ဖွဲ့စည်းမှု နှင့် ဖယ်ရှားရေး ယန္တရားများ။
၁၈။ အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ။ *
၁၉။ ထိန်းညှိခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ လွတ်လပ်သော အဖွဲ့အစည်းများ (စတုတ္ထမဂ္ဂိုဏ် အင်စတီကျူးရှင်းများ)။*

*မြန်မာဘာသာဖြင့် ရရှိနိုင်သည်။

ဤ စာတမ်း များကို ကျွန်ုပ်တို့၏ အောက်ပါ ဝက်ဆိုဒ် <http://www.idea.int/publications> တွင် ရယူနိုင်ပါသည်။ နောက်ဆုံးအဆင့် ပြင်ဆင်ထားသောစာတမ်းများကို ဤဝက်ဆိုဒ် <http://constitutionnet.org/primers> တွင်လည်း ရယူနိုင်ပါသည်။

ယခု စာတမ်းအား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ခြင်းကို နော်ဝေးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် လူဇင်ဘာ့ခ်နိုင်ငံ အစိုးရတို့မှ ထောက်ပံ့ကူညီသည်။

Norwegian Embassy
GRAND DUCHY OF LUXEMBOURG
Ministry for Foreign Affairs of Finland
Sweden Sverige

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း" စာတမ်းများကို နိုင်ငံတစ်ဝှမ်း ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးသို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ရည်ရွယ်ရေးသားထုတ်ဝေသည်။ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ အစိုးရဝန်ထမ်းများ၊ လွှတ်တော်ဥပဒေပြုသူများ၊ နိုင်ငံသားများအတွက် အထောက်အပံ့ ဖြစ်စေမည် ဖြစ်သည်။

နိုင်ငံရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ အထူးကျွမ်းကျင်သူများ မဟုတ်သော သာမန်စာဖတ်သူများအတွက် အကြောင်းအရာ ခေါင်းစဉ်များအလိုက် မိတ်ဆက်စာအနေဖြင့် လည်းရေးသားထားသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးနယ်ပယ်၌ ဗဟုသုတ၊ အတွေ့အကြုံရှိပြီးသူတို့ ပြန်လည်နှိုးနှော ဖတ်ရှုနိုင်ရန်အတွက်လည်း အသုံးဝင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သူများ၏ လက်တွေ့ကျကျ ကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျ ခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ရှင်းပြနိုင်ရန် ရှေးရှုသည်။

**International IDEA**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

**International IDEA**
မြန်မာနိုင်ငံအခြေစိုက်ရုံး
၆၈(ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်၊ မြန်မာနိုင်ငံ။
ဖုန်းနံပါတ် - +၉၅ ၉ ၂၆၃ ၁၂၈၁၀၄
အီးမေးလ် - info-myanmar@idea.int
my.constitution@idea.int
ဝဘ်ဆိုဒ် - www.idea.int

ISBN : 978-91-7671-290-0 (print)
ISBN : 978-91-7671-291-7 (pdf)